# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 27 August 2020 ၁၀၁၁၇


## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြပါရန် ပြည်သူသို့ ပန်ကြားချက် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ပြည်သူသို့ ပန်ကြားချက်

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စိစစ်တွေ့ရှိမှုအရ ရခိုင်ပြည်နယ်တွင် ပြည်တွင်းကူးစက်မှုဟု သံုးသပ်ရသော COVID–19 ရောဂါ အတည်ပြုလူနာ (၁၈၁) ဦးရှိခဲ့ပြီး ၎င်းတို့မှ ဆင့်ပွားကူးစက်သူအချို့သည်လည်း အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ရခိုင်ပြည်နယ်အတွင်းမှ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများ၊ အခြားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ ရခိုင်ပြည်နယ်အတွင်းသို့ သွားလာခဲ့ပြီး မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသူများအနေဖြင့်


**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖


## ရခိုင်ပြည်နယ်၌ နေထိုင်သူများအနေဖြင့် မိမိနေရပ်တွင်သာ နေထိုင်ကြပါရန်နှင့် ပြည်နယ်အတွင်း ခရီးသွားလာခြင်း၊ ပြည်နယ်ပြင်ပ ခရီးထွက်ခွာခြင်းကို မလိုအပ်ဘဲ မပြုလုပ်ကြရန် ပန်ကြားချက် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီမှ ရခိုင်ပြည်နယ်အတွင်းနေထိုင်သော ပြည်သူများသို့ ပန်ကြားချက်

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

၁။ ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါ ခုတ်ခွဲအတည်ပြုလူနာဦးရေ များပြားလာသဖြင့် ပြည်နယ်တစ်ခုလုံးအား ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၆-၈-၂၀၂၀ ရက်နေ့တွင် အမိန့်အမှတ် ၉၇/၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရခိုင်ပြည်နယ်အတွင်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ စားနပ်ရိက္ခာထောက်ပံ့မှုများနှင့် ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များအား


**စာမျက်နှာ ၆ ကော်လံ ၃ သို့** ■


# ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အား ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အဆိုပါ သဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၄၈/ ၂၀၁၆) ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစိုးရ၊


**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❒




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်–၁၉ ကို ဟန့်တားကာကွယ်

“တစ်နိုင်ငံလုံးမှာ ကိုဗစ်ဒုတိယလှိုင်းမဖြစ်အောင် ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီဟာကို ဟန့်တားနိုင်ပါတယ်။ ကာကွယ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံတစ်ဝန်းလုံးကို ကာကွယ်နိုင်ပါတယ်။ ရခိုင်ပြည်နယ်ကိုလည်း ကျွန်မတို့ကာကွယ်မယ်။ ကျန်တဲ့ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းရှိ ဒေသတွေအားလုံးကိုလည်း ကာကွယ်မယ်။ ပူးပေါင်းဆောင်ရွက်မှုကသာ အဓိကဖြစ်ပါတယ်”ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြည်သူသို့ အစီရင်ခံတင်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုး ခံတော်ခွဲအတည်ပြုလူနာများ ဆက်တိုက်ပေါ်ထွက်လာသည်။ အတည်ပြုလူနာများ တိုးလာခြင်းသည် ကိုဗစ်ဒုတိယလှိုင်းဖြစ်ခြင်းမဟုတ်ပေ။ ဖြစ်လာလျှင်လည်း အားလုံးပူးပေါင်းဆောင်ရွက်နိုင်မှုအားဖြင့် ဟန့်တားကာကွယ်နိုင်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးပြောကြားထားသည်။ လက်တွေ့တွင်လည်း အသိတရားဖြင့် နိုးကြားထက်သန်စွာ ဝိုင်းဝန်းကာကွယ်ဟန့်တားနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဩဂုတ်လ ၂၅ ရက်နှင့် ၂၆ ရက် နံနက်ပိုင်း၌ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၁၀၀ ကျော် တွေ့ရှိခဲ့သည်။ ကိုဗစ် – ၁၉ ထုတ်ပြန်ခဲ့သမျှတွင် ဤနှစ်ရက်သည် စံချိန်တင်အမြင့်ဆုံး ပိုးတွေ့လူနာများ ထွက်ပေါ်လာခြင်းဖြစ်သည်။ အများစုမှာ ရခိုင်ပြည်နယ်မှ ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၅၈၀ ရှိလာပြီဖြစ်သည်။ ဩဂုတ်လ ၁၅ ရက်နေ့က ဓာတ်ခွဲအတည်ပြုလူနာ ၃၇၄ ဦးရှိရာမှ ဩဂုတ်လ ၂၆ ရက်တွင် ၅၈၀ အထိရှိလာသဖြင့် ၁၀ ရက်တာကာလအတွင်း စိုးရိမ်ဖွယ်ရာဖြစ်လာခဲ့သည်။

ရခိုင်ပြည်နယ်တွင် ဩဂုတ်လ ၁၅ ရက်နေ့က ပိုးတွေ့လူနာ ၁၆ ဦးသာရှိသော်လည်း ဩဂုတ်လ၂၆ ရက် နံနက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ နေထိုင်သူများနှင့် စစ်တွေမြို့နယ်သို့ လာရောက်သူများ၊ ပြန်လည်ထွက်ခွာသွားသူများမှ ကိုဗစ်ဓာတ်ခွဲအတည်ပြုလူနာ ၁၀၀ ကျော်ရှိလာခဲ့သည်။ ၁၀ ရက်ကျော်ကာလအတွင်း လူနာ ၁၀၀ ကျော်ဖြစ်လာမှုတွင် ပြည်ပခရီးသွားရာဇဝင်မရှိပေ။ ဒေသတွင်းခရီးသွားမှုရှိပြီး ကိုဗစ်လူနာနှင့်ထိတွေ့သူရှိသလို မထိတွေ့သူလည်းရှိရာ ပြည်တွင်း၌ ရောဂါပျံ့နှံ့မှုဖြစ်လာသည်။ ထို့ကြောင့် စစ်တွေ၌ အသွားအလာကန့်သတ်မှု ပြုလုပ်ခဲ့ရသည်။

လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်နိုင်ရန်နှင့် ရခိုင်ပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ထပ်မံကူးစက်ပျံ့နှံ့မှုမရှိစေရန် ပြည်သူများအနေဖြင့် ဩဂုတ်လ ၁၀ ရက်နေ့မှစ၍ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့်ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားနေသော မြို့နယ်များသို့ ဝင်၊ ထွက်သွားလာမှုများရှိခဲ့ပါက ယခုလက်ရှိ ရောက်ရှိရာဒေသမှ နီးစပ်ရာကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှု ခံယူကြပါရန် အသိပေးတိုက်တွန်းပါသည်။

ဤသို့ဆောင်ရွက်ခြင်းဖြင့် အသိတရားဖြင့် နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် ပူးပေါင်းဆောင်ရွက်ရာရောက်ပေမည်။ တာဝန်သိသော နိုင်ငံသားတစ်ယောက်ဟု ခေါ်ဆိုရပေမည်။ ယင်းသို့ပူးပေါင်းဆောင်ရွက်ခြင်းသည် ရခိုင်ပြည်နယ်အတွက်သာမက တစ်နိုင်ငံလုံး ရောဂါကင်းဝေးရေးအတွက် ကာကွယ်ပေးနိုင်သည်။ မိမိတွင် ရောဂါကူးစက်မှုရှိပါက အချိန်မီကုသမှုကို ခံယူနိုင်မည်ဖြစ်သည်။ မိမိမှတစ်ဆင့် မိမိ၏မိသားစုနှင့် နီးစပ်ရာအသိုင်းအဝိုင်းများသို့ ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ဒုတိယလှိုင်းမဖြစ်လာသေးပါ။ မဖြစ်အောင်လည်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဟန့်တားနိုင်ပါသည်။ ကာကွယ်နိုင်ပါသည်။ အရေးကြီးသည်မှာ ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ အဓိကဖြစ်သည်။ မိမိပတ်ဝန်းကျင်တွင် ရောဂါလက္ခဏာ သံသယဖြစ်ဖွယ်တွေ့ရှိပါက သတင်းပေးခြင်းသည် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ချောက်တွန်းခြင်းမဟုတ်ပေ။ ရောဂါကူးစက်ခြင်းမခံရသော ပြည်သူပြည်သားများကလည်း နှာခေါင်းစည်းဝတ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေထိုင်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်–၁၉ ရောဂါကင်းဝေးရေး ကာကွယ်ဟန့်တားနိုင်ရေးအတွက် အသိတရားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အဓိကဖြစ်သည်။ ပြည်သူသည်သာ အဓိကဖြစ်သည်။ နိုင်ငံတော်နှင့်အတူ အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦးကျော်လင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယအမှုဆောင်အရာရှိနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆–၈–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၁,၂၂၉ | ၁၂,၁၆၇,၁၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၈,၂၀၀ | ၃၀,၃၄၀,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၇၂ | ၁,၅၄၈,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၂၈ | ၇၆,၆၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁၉ | ၅၈,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၆

ရန်ကုန်(ရွှေဈေး) ၁၂၉၁၀၀၀ မန္တလေး(ရွှေဈေး) ၁၂၉၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၅/၅၉၅ ကျပ် | ၅၈၅/၆၀၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၅/၅၉၀ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၅/၆၅၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၅/၅၃၅ ကျပ် | ၅၅၅/၅၇၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၉၀/၄၉၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၀/၄၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၉၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၂၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၁၄၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၁၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၀၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၄.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၈.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၇၂.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၉၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
သတင်းထောက်မှူး – ဦးမြင့်စိုး
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာတင်မ်အန်ဒါလင် ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စံသတ်မှတ်ချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု၊ ကျင့်ဝတ်စာအုပ်များ ပုံနှိပ်ဖြန့်ဝေရေးအတွက် ဆွစ်ဇာလန်သံရုံးက အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများက ကျင့်ဝတ်အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လေ့လာမည့် ကော်မတီဖွဲ့စည်းဆောင်ရွက်မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆွစ်ဇာလန်သံရုံးမှ လေ့လာသွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆ ၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးကြီး ကျော်လင်းအောင်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းကမ်းခြေကို ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ **မိုး/ဇလ**

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနည်းဥပဒေပြုစုရေးဆွဲမှုအပေါ် အကူအညီပေးရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းဥပဒေပြုစုရေးဆွဲမှုအပေါ် အကူအညီပေးရေးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual Meeting စနစ်ဖြင့် ကျင်းပသည်။





အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ILO (ရန်ကုန်ရုံး) မှ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Mr. Donglin Li၊ ILO Vision Zero Fund မှ Senior Technical Advisor Ms. Mariana၊ နိုင်ငံတကာ အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ (International Association of Labour Inspection– IALI) မှ ဥက္ကဋ္ဌ Mr. Kevin Myers၊ အထွေထွေအတွင်းရေးမှူး Mr. Ho Siong Hin၊ စင်ကာပူနိုင်ငံ လူ့စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ၊ ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွက် အထူးသဖြင့် အလုပ်သမားများအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေမူဘောင် အဆင့်မြှင့်တင်ရန် နည်းဥပဒေများပြုစုရေးဆွဲရေးကို ILO အဖွဲ့ဝင်များ၊ နိုင်ငံတကာကျွမ်းကျင်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြမည့် လုပ်ငန်းစဉ်အပေါ် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

**ဥပဒေမူဘောင်ရှိရန် လိုအပ်**

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို အားလုံးနားလည် လက်ခံထားပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများနှင့်အတူ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးနိုင်မှု၊ အထူးသဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၏အရေးပါမှုသည် နေ့စဉ်စိန်ခေါ်မှုများနှင့် ကြုံတွေ့လျက်ရှိပါကြောင်း၊ အလုပ်သမားထုအတွက် အရေးပါသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် တိုးတက်ရန်ကောင်းမွန်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေမူဘောင် ရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်ကို လုပ်ငန်းကဏ္ဍတစ်ခုချင်းစီအလိုက် သီးခြားဥပဒေ၊ နည်းဥပဒေများနှင့် သီးခြားအဖွဲ့အစည်းတို့က အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ပုံစံ (Fragmented System)ဖြစ်ကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ မရရှိသေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားအဆင့်မူဝါဒနှင့် လုပ်ငန်းစီမံချက်များ ချမှတ်ရန်လိုအပ်ခြင်းကြောင့် အလုပ်သမားများအပေါ် မှန်မှန်နှင့်ပြည့်ပြည့်ဝဝ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ပေးနိုင်ရန် အားနည်းချက်များ တွေ့ကြုံနေရကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်များဖြစ်ပေါ်ရန်၊ အကျိုးဝင်မှုမရှိသေးသည့် လုပ်ငန်းကဏ္ဍများ အကျိုးဝင်လာရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဖွဲ့အစည်းတစ်ခုက ဦးဆောင်ပြီး တာဝန်ယူအကောင်အထည်ဖော်သည့် အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအသစ်တစ်ရပ်ကို ပြုစုရေးဆွဲခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ၂၀၁၉ ခုနှစ် မတ်လတွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း။

လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်သော်လည်း ဥပဒေမူဘောင်တစ်ခုသာဖြစ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို အခြေအနေနှင့် လိုအပ်ချက်အရ များစွာ ထုတ်ပြန်ပေးရဦးမည်ဖြစ်၍ နိုင်ငံတော်သမ္မတက အာဏာသက်ဝင်ကြောင်း အတည်ပြုလက်မှတ်ရေးထိုးသည့်နေ့မှသာ စတင် အာဏာအသက်ဝင်မည်ဖြစ်ပါကြောင်း။

နည်းဥပဒေကိုရေးဆွဲသည့်အခါတွင် မိမိတို့အနေဖြင့် အခြားနိုင်ငံများ၏ ဥပဒေ၊ နည်းဥပဒေများကို တိုက်ရိုက်အသုံးချခြင်းမှာ လက်တွေ့အားဖြင့် အဆင်ပြေမှုများ မရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အချို့သောလုပ်ငန်းစဉ်များ၊ နည်းစနစ်များတွင် အခြားနိုင်ငံများ၏ နည်းဥပဒေများ၊ လုပ်ငန်းစဉ်များအတိုင်း တိုက်ရိုက်ကျင့်သုံး ဆောင်ရွက်မည်ဆိုပါက အခက်အခဲများစွာ ရှိမည်ဖြစ်ပါကြောင်း။

ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသည် လူတိုင်းအတွက် သက်ဆိုင်သည့် အရေးကိစ္စဖြစ်၍ ILO ၏ ကူညီပံ့ပိုးမှုသည် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုအကျိုးရှိစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူများက မိမိတို့၏ အတွေ့အကြုံဗဟုသုတများအပေါ် အခြေခံပြီး တက်ကြွစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)မှ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Mr. Donglin Li က နည်းဥပဒေပြုစုရေးဆွဲမှုအပေါ် ILO မှ လိုအပ်သည့် နည်းပညာအကူအညီများ ထောက်ပံ့ပေးရန် ကတိကဝတ်ပြုကြောင်း အမှာစကားပြောကြားပြီး ILO အဖွဲ့ဝင်များနှင့် နိုင်ငံတကာ အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ (IALI) တို့မှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ဆောင်ချက်များကို မိတ်ဆက်တင်ပြကာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက ဦးစီးဌာနအနေဖြင့် လက်ရှိရေးဆွဲလျက်ရှိသည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးရာ တက်ရောက်လာသည့် ILO အဖွဲ့ဝင်များ၊ နိုင်ငံတကာကျွမ်းကျင်သူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်


ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁)မှ ဒေါက်တာသန်းဝင်း


အလုံမဲဆန္ဒနယ်မှ
ဦးရဲလွင်

❒ ရှေ့ဖုံးမှ

လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့စသည်ဖြင့် အစုအဖွဲ့ သုံးဖွဲ့၊ အဖွဲ့ဝင် ၄၈ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

(၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် ဆွေးနွေးရရှိလာသည့် သဘောတူညီချက်များကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အပိုင်း(၃) ပိုင်းပါဝင်သော အဆိုပြုချက်များကို တင်သွင်းခဲ့ပါကြောင်း၊ ယင်းတို့မှာ အပိုင်း(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက် ၁၅ ချက်၊ အပိုင်း(၂) ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဇယား(၁)၊ အပိုင်း(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူသဘောတူညီချက်ငါးချက်တို့ဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီက တင်သွင်းသော အထက်ပါအဆိုပြုချက်များအား ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး တတိယနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် ညီလာခံက အတည်ပြုခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပိုဒ်(၂၀) အပိုဒ်ခွဲ(င)အရ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အပိုဒ်(၂၀) အပိုဒ်ခွဲ (စ) တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဟူ၍ လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အခန်း (၈) အပိုဒ်(၂၈)တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကို လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့် အညီ တင်သွင်း၍ အတည်ပြုချက်ရယူရမည်ဟူ၍ လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းလမ်းညွှန် အပိုဒ်(၃) အပိုဒ်ခွဲ(၅)တွင် UPDJC သည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိပါသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃) ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုသဘာတူစာချုပ် အစိတ်အပိုင်း(၃)ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက်နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ယခုစာတမ်းတွင် အဖွဲ့၏ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်နိုင်ငံအားလုံး သဘောတူညီမှုရရှိမှသာ ချမှတ်နိုင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများအပေါ်တွင် ဝင်ရောက်စွက်ဖက်မှုကို တားမြစ်ခြင်းစသည့် အရေးကြီးသည့်မူများကို ထည့်သွင်းထားပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူများနှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ လွှတ်တော်များ၏ သက်ဆိုင်ရာ ကော်မတီများတွင်လည်း ယခုပဋိညာဉ်စာတမ်းပါကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည့် ဥပဒေပြုမှုနှင့် အခြားပူးပေါင်းဆောင်ရွက်မှုများကိုလည်း အစီအစဉ်များ ချမှတ်ပြီး ဆောင်ရွက်နိုင်ရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက ဘင်းမ်စတက် ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးခြင်းအားဖြင့် အဖွဲ့ဝင်များအကြား ဆက်စပ်နေသည့် ပထဝီအနေအထား၊ ပေါများသည့် သယံဇာတနှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ သမိုင်းကြောင်းဆက်သွယ်မှုနှင့် ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များသည် ဒေသတွင်း အဓိကကျသည့် ပူးပေါင်းဆောင်ရွက်မှုကြောင့် အလားအလာကောင်းများရှိလာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာကဏ္ဍ၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတု ပြောင်းလဲမှု၊ ကူးစက်ရောဂါတိုက်ဖျက်ရေးတို့ကိုလည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်းက ဘင်းမ်စတက်အစီအစဉ်တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ နည်းပညာ၊ ငါးလုပ်ငန်း၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်၊ ပြည်သူ့ကျန်းမာရေး၊ လူအချင်းချင်း ဆက်ဆံရေး၊ ဆင်းရဲမှုပပျောက်ရေး၊ အကြမ်းဖက်မှုနှင့် နယ်စည်းဖြတ်ကျော် ရာဇဝတ်မှု၊ ရာသီဥတုပြောင်းလဲမှုကိစ္စရပ်များ ပါဝင်ပါကြောင်း၊ ဘင်းမ်စတက် အစီအစဉ်အတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံအသီးသီး၏ အချုပ်အခြာအာဏာ၊ နယ်နိမိတ်ပိုင်းခြားမှု၊ ပြည်တွင်းရေးတွင် မစွက်ဖက်မှု၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်မှုနှင့် အပြန်အလှန်အကျိုးပြုမှု အခြေခံများအပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ ယင်းအကြောင်းအချက်များအရ မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅) မှ ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်တုတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ရေးထိုးအတည်ပြုရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ သဘောတူအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

## ဘင်းမ်စတက်ပဋိညာဉ် စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး အတည်ပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**❒ (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် ဆွေးနွေးရရှိလာသည့် သဘောတူညီချက်များကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်မှ ၂၁ရက်အထိ ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အပိုင်း(၃)ပိုင်း ပါဝင်သော အဆိုပြုချက်များကို တင်သွင်းခဲ့။**

**❒ အပိုင်း(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၅) ချက်၊ အပိုင်း(၂) ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ ဇယား(၁)၊ အပိုင်း(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူသဘောတူညီချက် (၅)ချက်တို့ဖြစ်။**

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယနေ့ အဆိုပြုတင်ပြသည့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်ကြောင်း ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးသို့ အကြောင်းကြားစာပေးပို့သွားရမည်ဖြစ်ပါကြောင်း။

လက်ရှိအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် သီရိလင်္ကာနိုင်ငံမှ ခေါ်ယူကျင်းပမည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးရမည်ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးသည့်အခါတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပဋိညာဉ်စာတမ်းကို အပြီးသတ်အတည်ပြုခြင်း ပြုလုပ်ရန်အတွက် ပြည်တွင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးသို့ အပြီးသတ်အတည်ပြုလွှာ ပေးပို့သွားကြရမည်ဖြစ်ပါကြောင်း၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အပြီးသတ် အတည်ပြုလွှာ(၇)စောင် စုံညီစွာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်နေ့တွင် ပဋိညာဉ်စာတမ်းသည် အသက်ဝင်လာမည်ဖြစ်ပါကြောင်း။

ဘင်းမ်စတက် ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးအတည်ပြုခြင်းအားဖြင့် ဘင်းမ်စတက်၏ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ၊ အဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့် ကျင့်ဝတ်များနှင့် တာဝန်ဝတ္တရားများကို စည်းကမ်း၊ ဥပဒေနှင့်အညီ ပိုမိုစနစ်တကျ ခိုင်မာစွာ ကျင့်သုံးသွားနိုင်မည်ဖြစ်သောကြောင့် ဘင်းမ်စတက်၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက်လည်း ပိုမိုအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယင်းအဖွဲ့အစည်းသည် ဥပဒေကြောင်းအရ ဥပဒေဂုဏ်ရှိသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းအား မြန်မာနိုင်ငံက လက်မှတ်

ထို့နောက် ၂၀၂၀ – ၂၀၂၁ ခု ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ သဘောထားမေးမြန်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ၂၀၂၀ – ၂၀၂၁ ခု ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဩဂုတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူများအနေဖြင့် လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရယူသည့်နည်းတူ မြေခွန်တော်များကို ဥပဒေနှင့်အညီ ပေးအပ်ရန် တာဝန်ရှိပါကြောင်း၊ ပေးအပ်ခြင်းမပြုပါက အစည်းအဝေးများတွင် အတည်ပြုဖွဲ့စည်းထားသည့် အထူးအဖွဲ့များဖြင့် ကွင်းဆင်းစိစစ်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်



ရမည့် အကြောင်းအရာများအလိုက်တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လက်ရှိအစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် အမှုတွဲများအား စိစစ်တင်ပြခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ၏ (၂၅/၂၀၂၀) နှင့် (၂၄/၂၀၂၀) အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြည်လည် စိစစ်ရန် အကြောင်းကြားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ယခင် ဗဟိုအဖွဲ့က ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာခြင်း ကိစ္စရပ်များ၊ ယခုအစိုးရကာလ သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထားမှတ်ချက်ပြန်ကြားလာသည့် အမှုတွဲများ စိစစ်တင်ပြခြင်းကိစ္စရပ်များ၊ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများသည် ဥပဒေပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ဃ)ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး ပေးဆောင်ရမည့် မြေခွန်များကို ပေးဆောင်ရန် ပျက်ကွက်နေမှုအား ဥပဒေပုဒ်မ ၂၁ နှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပေးထားသည့် အထူးအဖွဲ့များအား အစားထိုးပြင်ဆင်ဖွဲ့စည်းပေးခြင်း ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် အသုံးပြုခွင့်၊ လုပ်ပိုင်ခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စရပ်များနှင့် ကျေးရွာသုံး ထင်းစိုက်ခင်းနယ်မြေ သတ်မှတ်ရေးကိစ္စ၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာအရ သတ်မှတ်နယ်မြေများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်သံရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ Distance Learning Capacity အတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၆**

အမေရိကန်သံရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ Distance Learning Capacity အတွက် အထောက်အကူပြုပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. George Sibley က Distance Learning Capacity အတွက် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ရသည့် ရည်ရွယ်ချက်နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယင်းအထောက်အကူပြုပစ္စည်းများသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ Distance Learning Capacity ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းများနှင့် ဥပဒေအရာရှိများ အရည်အသွေး မြှင့်တင်ရေးအတွက် အလွန်အသုံးဝင်ပါကြောင်း၊ ယင်းပစ္စည်းများသည် ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း ဥပဒေအရာရှိများ အရည်အသွေးမြှင့်တင်ရာတွင် အဝေးရောက်သင်ကြားရေးစနစ်ကို အထောက်အကူပြုပါကြောင်း၊ ဥပဒေအရာရှိများ၏ အရည်အသွေးမြှင့်တင်ရေးတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များသာမက ယခုကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များအား အမေရိကန်သံရုံးမှ ထောက်ပံ့ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါပစ္စည်းများကို နေပြည်တော်အပြင် တောင်ကြီး၊ လွိုင်ကော်၊ မကွေး၊ ဟားခါး၊ ဘားအံ၊ ထားဝယ်၊ စစ်တွေ စသောမြို့များရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးများသို့ ထောက်ပံ့ပေးအပ်သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



အခမ်းအနားတွင် အမေရိကန်သံရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အမေရိကန်ဒေါ်လာ သုံးသောင်းခန့်တန်ဖိုးရှိ Distance Learning Capacity အထောက်အပံ့ပစ္စည်းရှစ်မျိုးကို ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံခရီးသွားလုပ်ငန်း အရေးပေါ်အခြေအနေ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၏ ကိုဗစ်-၁၉ ဆိုင်ရာ ဒုတိယအကြိမ်မြောက် ဗီဒီယိုကွန်ဖရင့် အထူးအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

အာဆီယံခရီးသွားလုပ်ငန်းအရေးပေါ် အခြေအနေ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၏ ကိုဗစ်-၁၉ ဆိုင်ရာ ဒုတိယအကြိမ်မြောက် ဗီဒီယိုကွန်ဖရင့်အထူးအစည်းအဝေး (2nd Special Video Conference Meeting of ASEAN Tourism Crisis Communication Team on COVID-19) ကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်ညှိနှိုင်းရေးမှူးတို့ ပါဝင်တက်ရောက်ကြသည်။

အထူးအစည်းအဝေးကို အာဆီယံခရီးသွားလုပ်ငန်း အရေးပေါ်အခြေအနေဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၏ ကိုဗစ်-၁၉ ဆိုင်ရာ သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၏ တိုးတက်မှုအခြေအနေကို အစီရင်ခံတင်ပြရန်၊ ကိုဗစ်-၁၉ လျှော့ချရေးဆိုင်ရာ အတွေ့အကြုံကောင်းများ မျှဝေရန်နှင့် နိုင်ငံအလိုက် ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို အာဆီယံဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားမှုအခြေအနေများအား သိရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးကို ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြပြီး အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုဗစ်-၁၉ ရောဂါကြောင့် အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်နေမှု အခြေအနေများ လေ့လာဆန်းစစ်သုံးသပ်ချက် အစီရင်ခံစာ ပြုစုဆောင်ရွက်မှု၊ ASEAN Travel Bubble/Travel Corridor အကောင်အထည်ဖော်ရေးအတွက် ဆက်စပ် Sectoral Bodies များနှင့် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအေဂျင်စီမှ အဖွဲ့ဝင်နိုင်ငံများ၏ ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို အာဆီယံဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားမှုများနှင့် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများကို တင်ပြခြင်းကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။


ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အမေရိကန် -အာဆီယံစီးပွားရေးကောင်စီ (US-ABC) မှ အဆိုပြုလာသည့် စက်တင်ဘာလတွင် ကျင်းပမည့် Digital Economy in Tourism Workshop နှင့် ASEAN Comprehensive Recovery Framework အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတဉ်းအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိအလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာ ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းတဉ်းအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) တစ်မျိုးအား ဩဂုတ် ၂၈ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် (သောကြာနေ့)၊ နံနက် ၉ နာရီမှစတင်၍




နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော် စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဩဂုတ် ၂၈ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ COVID– 19 ရောဂါမှ

နီးစပ်ရာ ကျန်းမာရေးဌာနများတွင် သက်ဆိုင်ရာ တာဝန်ရှိသည့်ဌာန၊ အဖွဲ့အစည်းများသို့ သတင်းပို့ကြရန်၊ ကျန်းမာရေးစစ်ဆေးမှုကို ကြည်ဖြူစွာခံယူပြီး သတ်မှတ်ထားရှိသော ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ Community Based Facility Quarantine နေရာများတွင် ၂၁ ရက်နေထိုင်ကြရန်နှင့် ထုတ်ပြန်ထားသော COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြပါရန် ပန်ကြားအပ်ပါသည်။

၃။ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့် အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

■ ရခိုင်ပြည်နယ်မှ

နိုင်ငံတော်အစိုးရက အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအနေဖြင့် မိမိနေရပ်တွင်သာ နေထိုင်ကြပါရန်နှင့် ပြည်နယ်အတွင်း ခရီးသွားလာခြင်းနှင့် ပြည်နယ်ပြင်ပ အခြားဒေသများသို့ ခရီးထွက်ခွာခြင်းကို မလိုအပ်ဘဲ မပြုလုပ်ကြရန်ဖြစ်ပါသည်။

၃။ ရခိုင်ပြည်နယ်အတွင်းနေထိုင်သော ပြည်သူများအနေဖြင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားအရေးပေါ်ကိစ္စရပ်များအတွက် မဖြစ်မနေ ခရီးသွားရောက်ရန်ရှိပါကလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူပြီးမှသာ သွားရောက်ကြရန်နှင့် ရောက်ရှိသည့်နေရာ၌ သက်ဆိုင်ရာ တာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ကျန်းမာရေးစစ်ဆေးမှုကို ကြည်ဖြူစွာခံယူပြီး ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ သတ်မှတ်ထားရှိသော Community Based Facility Quarantine နေရာများတွင် ၂၁ ရက် နေထိုင်ကြရန်နှင့် ထုတ်ပြန်ထားသော COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြပါရန် ပန်ကြားအပ်ပါသည်။

၄။ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

❁ ကျောဖုံးမှ

၃။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊

(ခ) မဖြစ်မနေ စျေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာသွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့သွားလာလျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း စျေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ၊ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၇–၈–၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

၇။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၂၀–၈–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၉၃/၂၀၂၀ နှင့် ၂၅–၈–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၉၆/၂၀၂၀ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

# Technical Media Production Training ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Search for Common Ground (SFCG) တို့ပူးပေါင်း၍ Technical Media Production Training ကို နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သင်တန်းခန်းမ၌ ပြုလုပ်သည်။



သင်တန်းတွင် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူးတင်ဆက်မည့် ရုပ်သံဇာတ်လမ်းတွဲ ထုတ်လုပ်နိုင်ရန်အတွက် ပါဝင်ဆောင်ရွက်သွားမည့် ဝန်ထမ်းများကို ရိုက်ကူးရေး မစတင်မီ လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများကို သင်ကြားပေးခြင်း ဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးနိုင်ရေး အထောက်အကူပြုသင်တန်းကို Film Development Center မှ ဒေါက်တာအောင်မင်း၊ ဒါရိုက်တာ ကြည်ဖြူသျှင်နှင့် ဝါရင့်ပညာရှင် ၁၂ ဦးတို့က ပို့ချပေးခဲ့ပြီး ယခု Technical Media Production Training ကို ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချခဲ့ခြင်း ဖြစ်သည်။

အဆိုပါ Technical Media Production Training ၌ ကင်မရာ၊ Editing /Sound / Colour Grading တို့ကို အဓိကထား သင်ကြားပေးခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း ၂၅ ဦး တက်ရောက်ခဲ့သည်။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အကအလှ ရုပ်သံဇာတ်လမ်းတွဲကို တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ် ခုနစ်ခုတို့တွင် ရိုက်ကူးသွားမည် ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Search for Common Ground (SFCG) တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်၌ "တွေးကြခေါ်ကြပြောင်းလဲကြ" ရေဒီယို အစီအစဉ်နှင့် ၂၀၁၈ ခုနှစ်၌ "အပ်ဖျားတစ်ထောက်" အမည်ရှိ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ရုပ်သံဇာတ်လမ်းများကို ရိုက်ကူးထုတ်လွှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လေးမျက်နှာမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**လေးမျက်နှာ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်အရ မိုးစပါး RS to CS မျိုးစေ့ထုတ် တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းရွှေက ကျေးရွာအုပ်စု ၁၁ စုမှ တောင်သူ ၄၃ ဦးကို CERP အစီအစဉ်ဖြင့် မျိုးစေ့ဖိုးနှင့် စိုက်ပျိုးစရိတ်များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် မိုးစပါး RS to CS မျိုးစေ့ထုတ် စိုက်ပျိုးသည့်တောင်သူများအား ထောက်ပံ့ငွေထုတ်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပထမအကြိမ် RS to CS မျိုးစေ့ထုတ် စိုက်ပျိုးသည့်ကျေးရွာအုပ်စု ၁၁ စုမှ တောင်သူ ၄၃ ဦး၏ မျိုးစေ့ထုတ်စိုက်ဧက ၁၃၅ ဧကအတွက် ငွေကျပ် ၁၁၂၇၂၅၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)



# ရွှေပြည်သာမြို့နယ်၌ တောင်သူ ၂၇ ဦးအား မြေယာလျော်ကြေး ပေးအပ်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း လယ်ယာမြေ သိမ်းဆည်းခံ တောင်သူများအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဝါးတရာ သစ်အခြေခံစက်မှုဇုန်ရေိယာမှ သိမ်းဆည်း လယ်မြေများအတွက် မြေယာလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝါးတရာသစ်အခြေခံ စက်မှုဇုန်အတွင်းရှိ အမှတ်(၉)သစ်စက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေပြည်သာမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးညီညီထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက မြေယာလျော်ကြေး ရရှိကြသည့် တောင်သူ ၂၇ ဦးအား မြေယာလျော်ကြေးငွေအဖြစ် တစ်ဧကလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် ဧက၂၅၇ ဒသမ ၄၄၂ အတွက် ကျပ်သိန်းပေါင်း ၂၅၇၄၄၂ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။



ဉာဏ်ဟိန်း

# စဉ့်ကိုင်မြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ် လုပ်ငန်းအတွက် ထောက်ပံ့ငွေပေးအပ်

**စဉ့်ကိုင် ဩဂုတ် ၂၆**

ကိုဗစ်–၁၉ ရောဂါ ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် မိုးစပါး စိုက်ပျိုးရာသီအတွက် မျိုးစေ့ထုတ် တောင်သူများအား မျိုးစေ့ဖိုးနှင့်စိုက်ပျိုးစရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ညောင်ပင်ကြီး နည်းပညာပေးစင်တာတွင် ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတိုးမင်းက တောင်သူများအား မိုးစပါးစိုက်ပျိုးရာသီအတွက် မျိုးစေ့ထုတ်ယူသုံးစွဲရန် ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်နိုင်လင်းက စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရန် ထောက်ပံ့ပေးအပ်လျက်ရှိရာ မျိုးကောင်းမျိုးသန့်များရရှိရေး စနစ်တကျ ဆောင်ရွက်သွားရန် ပြောသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တောင်သူ ၉၁ ဦးအား စိုက်ပျိုးစရိတ် မျိုးခွဲထုတ်ပယ်ခြင်း၊ မျိုးသန့်စင်ခြင်းများအတွက် ကုန်ကျစရိတ် တစ်ဧကလျှင် ၁၅၀၅၀၀ ကျပ်နှုန်းဖြင့် မိုးစပါး စိုက်ဧက ၃၈၂ ဧကအတွက် ငွေကျပ် စုစုပေါင်း ၅၇၄၉၁၀၀၀ ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများ ဗဟိုအဆင့်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**စေလွှတ်ရန်စီစဉ်ပြီးဖြစ်**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုနှစ် ပြုလုပ်သည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအချိန်ကာလသည် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေးအဖြစ် သတ်မှတ်၍ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများအားလုံး နေ့မအား၊ ညမနားဆောင်ရွက်လျက်ရှိသည့် အချိန်နှင့် တိုက်ဆိုင်နေသောကြောင့် ထိုသို့ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဦးစွာပထမ ပြောကြားလိုပါကြောင်း၊ ယခုလက်ရှိတွင် ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ဖြစ်ပွားမှုမှာ မျိုးဗီဇပြောင်းလဲသည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်နိုင်ပြီး များပြားသော ပိုးတွေ့လူနာများ တွေ့ရှိနေရသဖြင့် ဝန်ကြီးဌာနအတွက် အလွန်အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါကြောင်း၊ ရခိုင်ပြည်နယ်သို့ ညွှန်ကြားရေးမှူးအဆင့်ရှိ ကပ်ရောဂါဗေဒပညာရှင် ဦးဆောင်သည့် ဗဟိုကွင်းဆင်းအဖွဲ့၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကုသမှု အထောက်အကူပြုပညာရှင်များကို လိုအပ်သည့် ဆေးနှင့် ပစ္စည်းကိရိယာများကို အထူးလေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ပြီး ကပ်ရောဂါအခြေအနေ အပေါ်မူတည်၍ ထပ်မံလိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ပစ္စည်းကိရိယာများကိုလည်း ပို့ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးကွင်းဆင်းအဖွဲ့ တစ်ဖွဲ့၊ ဆေးပညာနှင့် မေ့ဆေးအထူးကုများ၊ ဆရာဝန်များနှင့် သူနာပြုများ စုစုပေါင်း ၄၂ ဦးကိုလည်း အထူးလေယာဉ်ဖြင့် ၂၇ ရက်တွင် စေလွှတ်ရန် စီစဉ်ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၌ ကိုဗစ်-၁၉ အရေးပေါ် ကွပ်ကဲမှုဌာန ဖွင့်လှစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဗဟို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကွပ်ကဲမှုဌာနနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆေးရုံပိုင်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ၊ ဆေးနှင့် ဆေးပစ္စည်းထောက်ပံ့ဖြည့်ဆည်းခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြည်နယ်နှင့် ချိတ်ဆက်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ရမည့် အသေးစိတ် အချက်အလက်များကို ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးထံသို့ တိုက်ရိုက်ချိတ်ဆက်ပြောကြားထားပြီးဖြစ်ကာ ဆက်လက်၍လည်း ချိတ်ဆက်ပြောကြားလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် တစ်ချိန်တည်း၌ ရေရှည်တွင် ရင်ဆိုင်ရမည့် ကျန်းမာရေးပြဿနာများ လျော့နည်းစေရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးရေး အထောက်အကူပြုသည့် လုပ်ငန်းများကို လျစ်လျူရှု၍မရပါကြောင်း၊ မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရ ဖွံ့ဖြိုးရေးကိစ္စရပ်များသည် နိုင်ငံတွင်းရှိ ပြည်သူများအတွက် ရေရှည်တွင် အကျိုးရှိသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကလေးငယ်၏ မိခင်ကိုယ်တိုင်လည်း အာဟာရပြည့်ဝကျန်းမာကာ ကလေးငယ်အား မွေးဖွားပြီးအသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းဖြင့် ကလေးငယ်၏ဘဝအစ အခြေခံအုတ်မြစ်ကောင်းမွန်ကာ ရောဂါခုခံနိုင်စွမ်းမြင့်မားခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု ကောင်းမွန်ခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သိမြင်နိုင်စွမ်းဖွံ့ဖြိုးမှုများ ကောင်းမွန်ခြင်းအကျိုးများ ရရှိစေမည်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအစီအစဉ်များကို တိုင်းဒေသ ကြီး/ ပြည်နယ်များတွင် မပြုလုပ်တော့ပါကြောင်း၊ သို့သော် မြို့နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၌ မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် အိုင်အိုဒင်းချို့တဲ့မှုရောဂါများ ပပျောက်ရေးနှင့် အစာတွင် အဏုအာဟာရဖြည့်စွက်ရေးလုပ်ငန်း ပုံမှန်အစီအစဉ်ကို အားထည့်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဤကိစ္စရပ်များအားလုံးတွင် အခြေခံကျန်းမာရေးပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထို့အပြင် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ကျန်းမာရေးအသိပညာဗဟုသုတများကို ကိုယ်ဝန်ဆောင် အချင်းချင်း မျှဝေအသိပေးလာစေရန် စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း။

**ဦးနှောက်နှင့် အသိဉာဏ်ဖွံ့ဖြိုး**

မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း (၂၀၁၇-၂၀၁၈)အရ မြန်မာနိုင်ငံရှိ အိမ်ထောင်စု ၈၅ ရာခိုင်နှုန်းသည် အိုင်အိုဒင်းဆား စားနေသော်လည်း အိမ်ထောင်စုအဆင့်မှာ အိုင်အိုဒင်း 15 ppm နှင့်အထက်ပါဝင်သော "စံမီအိုင်အိုဒင်းဆား" စားသုံးမှုသည် ၃၇ ရာခိုင်နှုန်းသာရှိပါကြောင်း၊ အိုင်အိုဒင်းစားသုံးမှုသည် ဦးနှောက်နှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အင်အားကို အသုံးချဆောင်ရွက်ရမည့်အပြင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းချိတ်ဆက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ်အနေဖြင့် ကျန်းမာရေးအသိပညာပေးစာသားများ ရေးထိုးထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းများကို ကျန်းမာရေးဌာနများတွင် လာရောက်ပြသသူများထံ ဖြန့်ဝေမည်ဖြစ်ပါကြောင်း၊ သတင်းမီဒီယာများအနေဖြင့်လည်း အာဟာရဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာဗဟုသုတများကို ပြည်သူများထံသို့ တစ်နှစ်ပတ်လုံး ဖြန့်ဝေပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Virtual Exhibition အဖြစ် မိတ်ဖက်အဖွဲ့အစည်းများက ဆောင်ရွက်နေသော အာဟာရ ဖွံ့ဖြိုးရေးလှုပ်ရှားမှု မှတ်တမ်းရုပ်သံ ဗီဒီယိုများကို ပြသသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှု တည်ဆောက်ရေးစကားဝိုင်း ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ကုလသမဂ္ဂ ထူထောင်သည့် (၇၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် UN 75 Initiative အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လူငယ်အဖွဲ့အစည်းများပါဝင်သော အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရေး အွန်လိုင်းစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကော်မရှင်ရုံး၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည်။



**မဏ္ဍိုင်သုံးရပ်ကို အခြေခံရေးဆွဲ**

ဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က UN 75 Initiative ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအတွက် ဦးစားပေး အစီအစဉ်များကို ပုံဖော်ရာတွင် တစ်နှစ်အတွင်း ပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ၌ ကမ္ဘာ့လူထုတစ်ရပ်လုံးက ပါဝင်ဆွေးနွေးနိုင်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက် လူငယ်အဖွဲ့အစည်းများ ပါဝင်ဆွေးနွေးသဖြင့် UN 75 အမှတ်တံဆိပ်တွင် ဖော်ပြသည့်အတိုင်း ကမ္ဘာကြီး၏ အနာဂတ်ကိုပုံဖော်ရာတွင် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရများအပေါ်တွင် ထားရှိသော မျှော်လင့်ချက်များ၊ အစိုးရများထံမှ လိုလားတောင့်တသော ဝန်ဆောင်မှုများနှင့် ရယူခံစားလိုသော လွတ်လပ်ခွင့်များ တစ်နေ့တခြား ပိုမိုတိုးပွားလာနေခြင်းသည် အစိုးရများ၏ စွမ်းဆောင်နိုင်မှု အခြေအနေနှင့် နှိုင်းချိန်စဉ်းစားပါက ကွာဟမှုများရှိနိုင်ကြောင်း၊ ထိုအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မကြာခဏ တွေ့ကြုံနေရသော စိန်ခေါ်မှုဖြစ်ကြောင်း၊ စိန်ခေါ်မှုကို ရင်ဆိုင်ရာတွင် အစိုးရနှင့် ပြည်သူများအကြားတွင် ယုံကြည်မှု ခိုင်ခိုင်မာမာ တည်ဆောက်ထားရန် အရေးကြီးပါကြောင်း၊ အစိုးရများအပေါ် ယုံကြည်မှု တိုးတက်မြင့်မားလာစေရန်အတွက် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) အပါအဝင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ မူဝါဒရေးရာ ရည်မှန်းချက်များကို အောင်မြင်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၊ သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများနှင့် ကမ္ဘာမြေဟူ၍ မဏ္ဍိုင်ကြီးသုံးရပ်ကို အခြေခံ၍ ရေးဆွဲထားကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သူများက အတွေ့အကြုံများကို အခြေခံ၍မိမိတို့၏သဘောထားအမြင်များကို လွတ်လပ်ပွင့်လင်းစွာ မျှဝေဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ယင်းနောက် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Keynote Speaker အဖြစ် ဆောင်ရွက်ပြီး စကားဝိုင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၆ (SDGs-16) အား ရှင်းလင်းပြောကြားကာ ယုံကြည်မှု တည်ဆောက်ရာတွင် အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ယုံကြည်မှု တည်ဆောက်ရန် အခြေခံအချက် ရှစ်ချက်အား အသေးစိတ်ဆွေးနွေးသည်။

**တက်ရောက်**

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက Moderator အဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးဌာန ၁၆ ခု၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း နှစ်ခု၊ စီးပွားရေးအဖွဲ့အစည်း တစ်ခု၊ အရပ်ဘက်လူမှုအဖွဲ့အစည်း သုံးခုနှင့် လူငယ်အဖွဲ့အစည်း တစ်ခု အဖွဲ့အစည်းပေါင်း ၂၃ ခုတို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြပြီး ဘဏ်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရဝန်ထမ်းများ၊ တက္ကသိုလ်များမှ စိတ်ပါဝင်စားသူများက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကိုဗစ်-၁၉ ရောဂါမှ**

အသုံးပြုရန်အတွက်အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းခန့်တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ကူညီသွားမည်ဖြစ်ရာ ယနေ့ခရီးစဉ်မှာ ယင်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။

အဆိုပါ ထောက်ပံ့မှုအစီအစဉ်၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ခရီးစဉ်မှာ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင်ရောက်ရှိခဲ့ပြီး ဩဂုတ်၂၈ ရက်တွင် စတုတ္ထအကြိမ်မြောက် ခရီးစဉ်အဖြစ် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ယင်းနေ့တွင် ခရီးစဉ်အားလုံး၏ထောက်ပံ့ကူညီမှုပစ္စည်းများကို UNICEF မှ တာဝန်ရှိသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ UNICEF အနေဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများကိုလည်းကောင်း ထောက်ပံ့ကူညီခဲ့သည့်အပြင် UNICEF ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ဝန်ထမ်းများဖြင့်လည်း ကူညီဆောင်ရွက်လျက်ရှိကြောင်း UNICEF မှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြန်မာနိုင်ငံရဲ့ မြို့တိုင်းအားလုံးက လမ်းကွန်ရက် ချိတ်ဆက်နေပါပြီ၊ ဖာပွန်-မော်ချီးလမ်းပိုင်းကတော့ နယ်မြေ အခြေအနေအရ ကျန်နေပါသေးတယ်၊ ဒါကိုလည်း ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်

## လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး

သတင်းဆောင်းပါး-ရှင်မင်း
ဓာတ်ပုံ-မောင်ဖိုးဇော်(ကလေး)

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ လမ်း ၈၂၈ လမ်း စုစုပေါင်းလမ်းမိုင်အရှည် ၂၆၂၀၈ မိုင်အား နှစ်စဉ်ရရှိသည့် ရန်ပုံငွေများဖြင့် လမ်းအဆင့် မြှင့်တင်ခြင်း၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"မြန်မာနိုင်ငံရဲ့ မြို့တိုင်းအားလုံးက လမ်းကွန်ရက် ချိတ်ဆက်နေပါပြီ။ မာန်အောင်ကျွန်းလို၊ ကိုကိုးကျွန်းလိုမျိုး၊ ကျွန်းစုလို နေရာကတော့ ကျွန်းပတ်လမ်းတွေတော့ ရှိတယ်။ ကျွန်းဖြစ်တဲ့အတွက် mainland နဲ့တော့ မချိတ်ဘူးပေါ့။ ဖာပွန်-မော်ချီးလမ်းပိုင်းကတော့ နယ်မြေအခြေအနေအရ ကျန်နေပါသေးတယ်။ ဒါကိုလည်း ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ နိုင်ငံရဲ့ မြို့တိုင်းကို ချိတ်ဆက်သွားနိုင်နေပါပြီ။ လမ်းမရှိတဲ့ မြို့ဆိုတာမရှိတော့ပါဘူး။ လမ်းအဆင့်မြှင့်တင်တာတွေကိုပဲ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟု လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးက ပြောကြားသည်။

ယခုအစိုးရလက်ထက်၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကတ္တရာကွန်ကရစ်လမ်း ၁၉၀၁ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်း ၁၀၄၅ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂၀၉ မိုင် ၄ ဖာလုံ ဆောင်ရွက်ခဲ့ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

လမ်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ရရှိသည့် ဘဏ္ဍာရန်ပုံငွေများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် Paved Ratio သည် ၇၆ ရာခိုင်နှုန်းအထိ တိုးတက်လာမည် ဖြစ်သည်။

လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် လမ်းပိုင်းများ အရည်အသွေးမီစေရန် အတွက်လည်း လမ်းသုတေသနဌာနနှင့် လမ်း၊ လေယာဉ်ကွင်းဒီဇိုင်းဌာနတို့က လမ်းဒီဇိုင်းထုတ်ပေးပြီး ကွင်းလုပ်ငန်းများတွင် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲများက အရည်အသွေး စစ်ဆေးရေး ဆောင်ရွက်မှုများဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိကြောင်းလည်း သိရသည်။

လမ်းများ အရည်အသွေးကောင်းမွန်ရေးအတွက် လမ်းဦးစီးဌာနမှ အရည်အသွေးစိစစ်ရေးအဖွဲ့၏ စစ်ဆေးစိစစ်မှုများအပြင် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Third Party အနေဖြင့် လမ်းလုပ်ငန်းများကို စစ်ဆေးမှုများလည်း ရှိကြောင်းသိရသည်။


ထိုသို့ စစ်ဆေးနိုင်ရန်အတွက် လမ်းများဆောင်ရွက်ရာတွင်ရှိရမည့် စံအရည်အသွေးအတွက် လမ်းဦးစီးဌာနက ဒီဇိုင်းထုတ်ပေးစဉ်ကပင် Technical Specification များပါ တစ်ပါတည်း သတ်မှတ်ထားကြောင်း သိရသည်။

"အဓိကကတော့ အရည်အသွေးပိုင်းပိုကောင်းလာအောင် ဆောင်ရွက်လာတယ်။ အရည်အသွေးစစ်ဆေးမှုတွေကို ပိုပြီး ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် လုပ်လာနိုင်တယ်။ လမ်းတွေဆောင်ရွက်တဲ့အခါ ဒီဇိုင်းမရှိဘဲ လုံးဝမလုပ်ရဘူး။ အရည်အသွေးစစ်ဆေးမှုကိုလည်း မလုပ်မနေရ ဆောင်ရွက်ရတယ်။ ၂၀၁၅ ခုနှစ် နောက်ပိုင်းမှာ လမ်းအရည်အသွေး စစ်ဆေးရေးဌာနခွဲကို တိုးချဲ့ပြီးတော့ အရည်အသွေးကို စစ်ဆေးဆောင်ရွက်နေပါတယ်။

"လူနဲ့ ခင်းတဲ့လမ်းတွေထက် စက်နဲ့ နည်းပညာသုံးပြီး ခင်းတာက ပိုသေချာ၊ ပိုကောင်းတဲ့အတွက် AC လုပ်ငန်းတွေ၊ ကွန်ကရစ်လုပ်ငန်းတွေကို အခုနောက်ပိုင်းမှာ စက်အားကို အဓိကဆောင်ရွက်လာတယ်။ လူနဲ့ ကတ္တရာခင်းတာတွေကို တဖြည်းဖြည်း လျှော့ချလာတယ်။ ဒါ့အပြင် ခွဲကျောက်နဲ့ လမ်းခင်းတာသာမက Lime Cement Stabilization Granular, Well Graded နည်းလမ်းတွေနဲ့ ဆောင်ရွက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာတယ်။ စက်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာတွေမှာ နိုင်ငံတကာ အကူအညီ အထောက်အပံ့တွေ ရလာတယ်။ ဌာနပိုင်စက်သာမက ပြင်ပပုဂ္ဂလိကပိုင် စက်တွေ ငှားရမ်းအသုံးပြုလို့ရလာတယ်။ လမ်းခင်းရာမှာသုံးတဲ့ စက်ကိရိယာတွေက နဂိုထက်ပိုပြီး ပြည့်စုံလာတယ်။ ဌာနအနေနဲ့လည်း ဘတ်ဂျက်ကနေထည့်ပြီး ဝယ်ယူပါတယ်။ အားလုံးမြင်တဲ့အတိုင်း ယေဘုယျအားဖြင့်တော့ လမ်းတွေက ပိုကောင်းလာတယ်။ မြန်မြန်ဆန်ဆန် သွားလာနိုင်ပြီ။ တော်တော်များများ Pave လမ်းအဖြစ် မြင်နေရပြီ" ဟု လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။



လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး



သန်လျင်-သီလဝါလမ်းမကြီး

မြန်မာနိုင်ငံအတွင်းရှိ လမ်းကွန်ရက်များ ကောင်းမွန်ရေးဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော Asia Development Bank (ADB)၊ ဂျပန်နိုင်ငံမှ JICA၊ World Bank (WB)၊ ကိုရီးယားနိုင်ငံမှ KOICA၊ ထိုင်းနိုင်ငံမှ Neighboring Countries Economic Development Cooperation Agency (NEDA)၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်းရှိကြောင်း သိရသည်။


"နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နည်းပညာပိုင်းမှာ ပူးပေါင်းဆောင်ရွက်တာလည်း ရှိတယ်။ သူတို့ရဲ့ အထောက်အပံ့ အကူအညီ၊ ချေးငွေနဲ့ ဆောင်ရွက်နေတဲ့ လမ်းတွေလည်း ရှိပါတယ်။ လမ်းဦးစီးဌာနအနေနဲ့ နှစ်စဉ် ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး လမ်းတွေဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အဓိကဆောင်ရွက်နေတဲ့ လမ်းပိုင်းကြီးတွေလည်း ရှိပါတယ်။ ဥပမာအနေနဲ့ပြောရရင် ကချင်ပြည်နယ်မှာဆိုရင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ ချင်းပြည်နယ်မှာဆိုရင် တောင်မြောက်လမ်းမကြီးဖြစ်တဲ့ ကျီခါး-ဟားခါး-မတူပီမှ ပလက်ဝလမ်း၊ ရှမ်းပြည်နယ်တွင် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းတွေအတွက် လမ်းအဆင့်မြှင့်ခြင်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီလိုမျိုး တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လမ်းပိုင်းကြီးတွေ ဆောင်ရွက်နေတာရှိသလို ကျန်လမ်းပိုင်းတွေ ကောင်းမွန်ရေးကိုလည်း လုပ်ဆောင်နေပါတယ်" ဟု လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

လမ်းများ တိုးတက်ကောင်းမွန်လာသည့်အပေါ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် ကုန်တင်ယာဉ်ကြီးများ မောင်းနှင်သူယာဉ်မောင်း ကိုကျော်ဇင်က "မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်က ခဂရားယန်၊ မိုင်ထောင်၊ အင်ကောမ၊ ဖုံအင်၊ ဖုံချန်၊ ဆွမ်ပီယန် ကျေးရွာတွေတစ်လျှောက် အရင်က ရောမဖွက်တန်းကြီးဖြစ်နေပြီးတော့ ဒီလမ်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူ အားလုံးက ကမ္ဘာကျော်ဖွက်တန်းကြီးလို့တောင် အမည်ပေးတာရှိတယ်။ အခုတော့ လမ်းကောင်းလာသလို လမ်းပေါ်က တံတားတွေကလည်း ခိုင်ခံ့တဲ့ ကွန်ကရစ်တံတားတွေ ဖြစ်လာပြီ။ မြစ်ကြီးနားကနေ ပူတာအိုအထိ ကုန်ပို့ဆောင်ခက အရင်က တစ်ပိဿာ ငွေကျပ် ၁၂၀၀ လောက်ကနေ အခု လမ်းကောင်းတော့ တစ်ပိဿာ ငွေကျပ်၂၀၀၊ ၂၅၀ ပဲ ရှိတော့တယ်။ Pajero လိုင်းကားခကလည်း ခရီးသည်တစ်ဦးကို အရင်က ငွေကျပ် ၇၀၀၀၀ ကနေ အခု ငွေကျပ် ၄၅၀၀၀ ပဲ ရှိပါတော့တယ်။ လမ်းကောင်းတဲ့ အကျိုးကျေးဇူးပါ" ဟု ဆိုသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း၊ တမူး-စစ်သောင်-ရောင်ဟီးလမ်း၊ ရောင်ဟီး-ပင်လည်ဘူးလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ ရေဦး-ကလေးဝလမ်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း၊ မိုင်းဆတ်-တာချီလိတ်လမ်း၊ ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းစသည့် လမ်းပိုင်းကြီးများ ကောင်းမွန်ရေးအတွက် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ သို့❖

**ယခုအစိုးရလက်ထက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကတ္တရာ ကွန်ကရစ်လမ်း ၁၉၀၁ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်း ၁၀၄၅ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂၀၉ မိုင် ၄ ဖာလုံဆောင်ရွက်ခဲ့**



မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း



မင်းဘူး-အမ်း-စစ်တွေလမ်း

❖ စာမျက်နှာ ၈ မှ

“ကျွန်တော်တို့အနေနဲ့ လမ်းတစ်ခု ဆောင်ရွက်မယ်ဆိုရင် လမ်းရဲ့ Geometric Design နဲ့ Pavement Design ရှိရပါမယ်။ လက်ရှိ လမ်းရဲ့အခြေအနေကို အသေးစိတ် တိုင်းတာရပါမယ်။ ဒီလို တိုင်းတာပြီးမှ ဒီဇိုင်း ထုတ်ပါတယ်။ ထုတ်တဲ့ ဒီဇိုင်းကိုလည်း အလုပ်လုပ်တဲ့အချိန်မှာ လုပ်ငန်းတင်ဒါနဲ့ပဲ လုပ်လုပ်၊ BOT စနစ်နဲ့ပဲ လုပ်လုပ်၊ လမ်းဦးစီး ဌာနကပဲလုပ်လုပ် ဘယ်လိုပဲလုပ်လုပ် လုပ်တဲ့နေရာတိုင်းမှာ လမ်းဆောင်ရွက်မယ့် အလွှာတိုင်းကို အရည်အသွေးထိန်းသိမ်းရေး အဖွဲ့တွေနဲ့ စစ်ဆေးပြီး ဆောင်ရွက်ပါတယ်။ စစ်ဆေးပြီးမှ လုပ်ငန်းကို Pass လုပ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

လမ်းများ ရေရှည်သုံးစွဲနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘတ်ဂျက်ရရှိမှုအပေါ် ဦးစားပေး လုပ်ငန်းရပ်များ သတ်မှတ်ကာ နှစ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“သာမန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းတွေ နှစ်တိုင်း ဘတ်ဂျက်ကနေ ဆောင်ရွက်နေတာရှိပါတယ်။ ကျန်တာက တော့ သက်တမ်းအပိုင်းအခြားအလိုက်၊ လမ်းအမျိုးအစားအလိုက်၊ ဥပမာ AC ဆိုလည်း AC၊ ကတ္တရာဆိုရင်လည်း ကတ္တရာ ထပ်ပိုးလွှာခင်း ရပါတယ်။ ဒီလို လမ်းတွေ ပြင်ဆင်ဖို့က သာမန်ဘတ်ဂျက်နဲ့ပဲ ဦးစားပေး အစီအစဉ် အလိုက် သတ်မှတ်ဆောင်ရွက် ပါတယ်။ သဘာဝဘေးဒဏ်ကြောင့် လမ်း ပျက်စီးမှုရှိခဲ့ရင်တော့ အထူး ပြင်ဆင်ထိန်း သိမ်းခြင်း ရန်ပုံငွေနဲ့လည်း ဆောင်ရွက်ပါ တယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောသည်။

လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လမ်းစီမံကိန်းများနှင့်ပတ်သက်၍ လမ်းဦး စီးဌာန အင်ဂျင်နီယာချုပ် ဦးမြင့်ဦးက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား AC လမ်းမကြီးအဖြစ် ၀ ကီလိုမီတာမှ ၆၄ ကီလိုမီတာ အတွင်းကို ADB ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းလမ်းအပိုင်းအား အသေးစိတ် Design ရေးဆွဲခြင်းနှင့် တင်ဒါ အချက်အလက် ပြင်ဆင်ခြင်းတို့ကို KOREA နိုင်ငံမှ Yooshin Engineering Corporation (Consultant) က ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၆၄ ကီလိုမီတာမှ ၅၈၈ ကီလိုမီတာအထိ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင် ရွက်နိုင်ရန်အတွက် KOICA အကူအညီဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း လုပ်ငန်းများ (Feasibility Study) ဆောင်ရွက် နေဆဲဖြစ်ကြောင်း၊ ရန်ကုန်-ပုသိမ်-ငရုပ်ကောင်းလမ်းအသစ် ၂၁၆ ကီလိုမီတာ အရှည်အား လေးလမ်းသွား ကတ္တရာကွန်ကရစ် လမ်းသစ်အဖြစ် ဆောင်ရွက်နိုင်ရန်အတွက် လည်း KOICA အကူအညီဖြင့် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းများ (Feasibility Study) ဆောင်ရွက်နေကြောင်း ပြောပြသည်။

ထို့အတူ သီလဝါ-သနပ္ပင်-ကျိုက်ထို လမ်းအပိုင်းတွင် ပဲခူး(သနပ္ပင်) မှ သန်လျင် (သီလဝါ) အပိုင်း ၉၉ ကီလိုမီတာအား ၁၁ မီတာအကျယ် ကတ္တရာကွန်ကရစ် လမ်း (AC) ခင်းရန် ADB ချေးငွေဖြင့် ဆောင်ရွက် မည်ဖြစ်ကြောင်း၊ အမြန်လမ်းအဖြစ် ဆောင်ရွက်မည့် လမ်းသစ် ပဲခူး-ကျိုက်ထိုလမ်း ၆၄ ဒသမ ၅ ကီလိုမီတာအား ၂၃ ဒသမ ၅ မီတာအကျယ် လေးလမ်းသွား ကတ္တရာ ကွန်ကရစ်လမ်းခင်းခြင်းကို ADB ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေး-ထီးချိုင့်-နမ့်ခမ်းလမ်း ကီလိုမီတာ ၄၆၀၊ နေပြည်တော်-ကျောက်ဖြူလမ်း ကီလိုမီတာ ၃၅၀ တို့ကို လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံမှ အကူအညီဖြင့် Feasibility Study လုပ်ငန်းများ ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း အင်ဂျင်နီယာချုပ် ဦးမြင့်ဦးက ဆက်လက်ပြောသည်။

PPP စနစ်ဖြင့် ဖော်ဆောင်သော လမ်းစီမံ ကိန်းကြီးများအဖြစ် ရန်ကုန် Inner Ring Road စီမံကိန်း၊ ထိုင်းနိုင်ငံ NEDA ချေးငွေဖြင့် ထားဝယ်(SEZ)-မေတ္တာ-ထီးခီးလမ်း စီမံကိန်း များကို ဆောင်ရွက်လျက်ရှိပြီး ရန်ကုန် Outer Ring Road အတွက် JICA အကူအညီဖြင့် Feasibility Study လုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

လမ်းဦးစီးဌာနသည် ရန်ကုန်-မန္တလေး အမြန်လမ်း အဆင့်မြှင့်တင်ခြင်းအဖြစ် ကတ္တရာ ကွန်ကရစ်ခင်းခြင်း၊ လမ်းလယ်ကျွန်း အား Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ Median Shoulder တိုးချဲ့ ခြင်းနှင့် Guard Rail တပ်ဆင်ခြင်း၊ လမ်းလယ် ကျွန်း ရေမြောင်းတည်ဆောက်ခြင်း ၊ အမြန် လမ်းမကြီးနှင့်အပြိုင် ကျေးရွာချင်းဆက် ကုန်ထုတ်ဆက်သွယ်ရေးလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ရန်ကုန်-မန္တလေးအမြန်လမ်းကိုလည်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက် နိုင်ဖို့ KOICA နဲ့ ဖြစ်နိုင်စွမ်း လေ့လာမှုလုပ်ငန်း (Feasibility Study)တွေကို ပူးပေါင်း ဆောင်ရွက်နေပါတယ်။ Feasibility Study ပြီးရင် ဒီအပေါ်မှာအခြေခံပြီး PPP စနစ်နဲ့ ဘုရားကြီးကနေ မန္တလေးအထိ စီမံကိန်း လုပ်ငန်းဆောင်ရွက်ဖို့ လျာထားပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့ပြင် ရခိုင်ပြည်နယ်တွင် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း၊ ကြိမ် ချောင်း-ဂုပ္ပိတောင်ကျော်လမ်း၊ ဥဒေါင်း-ညောင်ချောင်းတောင်ကျော်လမ်း၊ သက်ကိုင် ညာ-ပဒဂါးတောင်ကျော်လမ်း၊ ကညင်တန်း-အလယ်သံကျော်-အငူမော်လမ်း၊ ရသေ့ တောင်-ဘူးသီးတောင်လမ်း၊ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလမ်း၊ မောင်တောနယ်စပ် ခြံစည်းရိုး ချဉ်းကပ်လမ်း(တောင်ပြို-ကြိမ်ချောင်းလမ်း) စသည့် မောင်တောဒေသ လမ်းကွန်ရက် စီမံကိန်း ရှစ်ခုကို လမ်းဦးစီးဌာနက ဆောင်ရွက် လျက်ရှိသည်။

အလားတူ B.O.T စနစ်ဖြင့် ကုမ္ပဏီ ၂၃ ဖွဲ့ လမ်းပေါင်း ၆၀ ၊ လမ်းအရှည် ၂၉၅၃ မိုင် ၂ ဖာလုံအား ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါကုမ္ပဏီများက ဆောင်ရွက်သည့် ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်း၊ ဘုရား ကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်-သံဖြူ ဇရပ်လမ်း၊ သထုံ-ဘားအံလမ်း၊ မိတ္ထီလာ-ကလော-တောင်ကြီးလမ်း၏ ကလော-တောင်ကြီးလမ်းပိုင်းများကို ကတ္တရာကွန်ကရစ် ခင်းခြင်း လုပ်ငန်း၊ ထုံခါ-သဲဖြူ-မောတောင်



ဟားခါး-မတူပီလမ်း။

လမ်းပိုင်း ကတ္တရာလမ်း/ကွန်ကရစ် လမ်းခင်း ခြင်းလုပ်ငန်း၊ စစ်ကိုင်း-မုံရွာလမ်း ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီး၍ ပြည်သူများ အသုံးပြုသွားလာ နေပြီဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာရှိတဲ့ လမ်းတွေကို စံဝန်ရိုး အလေးချိန် Standard axle Load (၁၀)တန်နဲ့ ဒီဇိုင်းပြုလုပ် သတ်မှတ်ထားတာပါ။ ဒါကြောင့် ကားတွေမှာ သတ်မှတ် axle Load ထက် ပိုမတင်ဖို့ကလည်း အရေးကြီးပါတယ်။ ဂိတ် တွေမှာ အလေးချိန်စစ်ဆေးတာတွေရှိပါတယ်။ ဒါပေမဲ့ ကုန်ကို အရင်ကဲ့ထားပြီး ဂိတ် ကျော်ပြီးရင် သတ်မှတ်တန်ချိန်ကို ပိုတင်တာ မျိုးတွေရှိပါတယ်။ ဒါတွေကို အသိနဲ့ရှောင်ဖို့ လိုပါတယ်။ လမ်းဦးစီးဌာနကလည်း သက်ဆိုင် ရာ အာဏာပိုင်အဖွဲ့အစည်း၊ ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက် စစ်ဆေးအရေးယူမှုတွေ ဆောင်ရွက်နေပါတယ်။ ပြီးတော့ လမ်းနယ် မကျူးကျော်ဖို့ပါ။ လမ်းနယ်ဆိုတာ လမ်းပြင် ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်တဲ့အခါ အသုံးပြုနိုင်ဖို့ လိုအပ်လို့ထားတာပါ။ ဒါ့အပြင် ထပ်ပြီးတိုးလာတဲ့ လူဦးရေအတွက် နောင်တစ်ချိန်မှာ လမ်းကို တိုးချဲ့နိုင်ဖို့ လမ်းနယ်ကိုပဲ သုံးရမှာဖြစ်တဲ့အတွက် လမ်းနယ်ကိုကျူးကျော်အသုံးမပြုဖို့ကလည်း အရေးကြီးပါတယ်” ဟုလည်း ညွှန်ကြားရေး မှူးချုပ်က ဆိုသည်။

လမ်းပိုမိုကောင်းလာသည်နှင့်အမျှ မော်တော်ယာဉ်များ သတ်မှတ်မြန်နှုန်းထက် ပိုမို မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းများကို လိုက်နာမှုလျော့ရဲခြင်းကြောင့် ယာဉ် ထိခိုက်မှုအန္တရာယ်များလည်း ပိုမိုဖြစ်ပေါ် လာတတ်သည့်အတွက် လမ်းဦးစီးဌာနက အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင် ရွက်လျက်ရှိသည်။

“အထူးသဖြင့် မော်တော်ဆိုင်ကယ် ကြောင့်ဖြစ်တဲ့ မတော်တဆထိခိုက်မှုဟာ သိသိသာသာကြီးကို တိုးတက်လာပါတယ်။ ဒါကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းအသုံးပြုသူတွေ လိုက်နာရမယ့် စည်းကမ်းနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို လိုက်နာဖို့ အရေးကြီးပါတယ်” ဟု ညွှန်ကြား ရေးမှူးချုပ်က မှတ်ချက်ပြုသည်။

လမ်းဦးစီးဌာနအောက်တွင် လမ်း အန္တရာယ်ကင်းရှင်းရေးဌာန – Road Safety ဌာနကို တိုးချဲ့ဖွဲ့စည်းထားရှိကာ ပြည်သူများ လမ်းအသုံးပြုရာတွင် သိရှိလိုက်နာရမည့် အသိပညာပေးခြင်း၊ အသိပေးဆိုင်းဘုတ်များ Road Facility များနှင့် လမ်းအချက်ပြ သင်္ကေတများ တပ်ဆင်ခြင်း၊ လမ်းများတွင် Road Safety Inspection စစ်ဆေးခြင်း၊ Road Safety Inspection Design များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ယခုအစိုးရလက်ထက် (၂၀၁၆-၂၀၁၇ မှ ၂၀၂၀ စက်တင်ဘာလ) အထိ တိုးတက်မှု

(မိုင်-ဖာလုံ)

| စဉ် | ဘဏ္ဍာနှစ် | AC | ကွန်ကရစ် | ကတ္တရာ | ကျောက် | အမာခံ | မြေ | လား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၁၅၁-၇ ၁/၂ | ၁၇၇- ၃/၄ | ၅၈၁-၃ | (-) ၁၉၄-၀ | (-) ၂၅၄-၆ ၁/၂ | (-) ၁၉၃-၀ | ၀-၃ | ၂၆၈-၇ ၃/၄ |
| ၂ | ၂၀၁၇-၂၀၁၈ | ၈၇၈-၄ ၁/၄ | ၁၅၁- ၃/၄ | (-)၁၀၉-၄ ၁/၄ | (-) ၂၂၁-၆ ၃/၄ | (-)၂၀၀-၇ ၃/၄ | (-) ၁၈၇-၃ ၃/၄ | (-) ၀-၂ | ၃၀၉-၅ ၁/၂ |
| ၃ | ၂၀၁၈ မတ်မှ ၂၀၁၈ စက်တင်ဘာ | ၂၉၂-၃ | ၃၉-၁ | (-) ၁၃၅-၃ ၁/၄ | ၅၉-၃ ၁/၂ | (-)၈၂-၆ ၃/၄ | (-) ၁၇၀-၅ | (-) ၀-၁ | ၁-၇ ၁/၂ |
| ၄ | ၂၀၁၈ စက်တင်ဘာမှ ၂၀၁၉ စက်တင်ဘာ | ၂၈၁-၄ ၁/၄ | ၂၄၂-၄ | ၁၀၁-၂ ၁/၂ | (-)၂၄၅-၄ ၃/၄ | (-)၂၃၆- ၁/၂ | (-)၈၈-၂ ၁/၄ | (-)၁၆၁-၀ | (-) ၁၀၅-၄ ၃/၄ |
| ၅ | ၂၀၁၉ စက်တင်ဘာမှ ၂၀၂၀ စက်တင်ဘာ (ယာယီ) | ၂၉၇-၄ ၁/၄ | ၄၃၅-၄ ၁/၂ | (-) ၂၂၈-၁ ၁/၂ | (-)၂၅-၆ ၃/၄ | ၁၉၆-၇ | (-)၂၆၀-၁ | - | ၄၁၅-၆ ၁/၂ |
| | | ၁၉၀၁-၇ ၁/၄ | ၁၀၄၅-၃ | ၂၀၉-၄ ၁/၂ | (-) ၆၂၇-၅ ၃/၄ | (-) ၅၇၇-၆ ၁/၂ | (-) ၈၉၉-၄ | (-) ၁၆၁-၀ | ၈၉၀-၆ ၁/၂ |



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း။

**လမ်းဦးစီးဌာနသည် ရန်ကုန်-မန္တလေးအမြန်လမ်း အဆင့်မြှင့်တင်ခြင်းအဖြစ် ကတ္တရာကွန်ကရစ်ခင်းခြင်း၊ လမ်းလယ်ကျွန်းအား Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ Median Shoulder တိုးချဲ့ခြင်းနှင့် Guard Rail တပ်ဆင်ခြင်း၊ လမ်းလယ်ကျွန်းရေမြောင်းတည်ဆောက်ခြင်း၊ အမြန်လမ်းမကြီးနှင့်အပြိုင် ကျေးရွာချင်းဆက် ကုန်ထုတ်ဆက်သွယ်ရေးလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။**

# ဥပဒေအထောက်အကူပေးရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ဥပဒေ၊ နည်းဥပဒေစာအုပ်များ ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းများတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ဥပဒေအထောက်အကူပေးရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးဥပဒေ (၂၀၁၆)နှင့် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးနည်းဥပဒေ (၂၀၁၇) စာအုပ်များ လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**မိတ်ဆက်ဆွေးနွေး**

ရှေးဦးစွာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က စာအုပ်များ ပေးအပ်ရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားရာတွင် မိမိတို့အဖွဲ့အနေဖြင့် ဥပဒေဆိုင်ရာ အထောက်အကူလိုအပ်သောပြည်သူများအတွက် အခမဲ့ရှေ့နေလိုက်ပေးခြင်း၊ ဥပဒေအရ အကြံဉာဏ်များပေးခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ပါကြောင်း၊ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းသည့်ရောဂါရှိသူများ၊ နာတာရှည်ရောဂါ ခံစားနေရသူများ၊ သက်ကြီးရွယ်အိုများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများသည် ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်ပါက ဥပဒေအရ အထောက်အကူပေးခြင်း၊ ပြစ်မှုကြောင်းအရ နစ်နာသူများ၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများနှင့် ထူးခြားသည့် အကြောင်းအရာများကြောင့် အကူအညီတောင်းခံလာသူများအား အခမဲ့ဆောင်ရွက်ပေးပါကြောင်းနှင့် မိမိတို့အဖွဲ့၏ ဆောင်ရွက်ချက်များတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများနှင့် ချိတ်ဆက်ပူးပေါင်း အကောင်အထည်ဖော်ရမည့်ကိစ္စရပ်များပါဝင်သောကြောင့် ယခုလို မိတ်ဆက်ဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို မွေးစမှ သက်ကြီးရွယ်အိုအရွယ်အထိ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ သဘာဝဘေး၊ လူကြောင့်ဖြစ်သောဘေး စသည့် ဘေးဒုက္ခများ ဖြစ်ပေါ်လာပါက ကူညီထောက်ပံ့ တုံ့ပြန်ဖြေရှင်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရက ဦးတည်ဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖော်ဆောင်ရေးတို့အတွက် မိမိတို့တာဝန်ယူရသည့် အခန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် အဓိကအရေးကြီးသည့်အတွက် လက်ရှိဥပဒေများကိုဆန်းစစ်ပြီး တရားသောဥပဒေများ ပေါ်ပေါက်ရေးနှင့် ဥပဒေစိုးမိုးရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း ဥပဒေအကြောင်းကို သိရှိနားလည်ပြီး ဥပဒေနှင့်အညီ တရားမျှတမှုရရှိရန် လိုအပ်ပါကြောင်း၊ ယခုအခါ တရားဥပဒေနှင့်ပတ်သက်လာလျှင် ပြည်သူလူထုအား အသိပညာပေးရာတွင် အထောက်အကူပြုအဖွဲ့များ၏ကဏ္ဍကို သိရှိစေရန်လိုအပ်ပြီး ပို၍ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းမည်ဖြစ်ကြောင်း၊ ပြည်သူများသည် ဥပဒေဘောင်အတွင်းနေထိုင်ရန် လိုအပ်ကြောင်းသိရှိပြီး ဥပဒေ၏ အကာအကွယ်ပေးမှုကို အပြည့်အဝရယူနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ(၂၀၁၆)နှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းဥပဒေ (၂၀၁၇)စာအုပ်များ လှူဒါန်းခြင်းအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က ဥပဒေစာအုပ်များကို ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကသာမြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးကောင်ရေ လေးသိန်း စိုက်ထည့်

**ကသာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၁)ရပ်ကွက် ရွှေဂူကြီးဘုရားအနီး၌ ဧရာဝတီမြစ်အတွင်း ယနေ့နံနက် ၈ နာရီက ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

ထို့နောက် ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ကသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝ၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလှအောင်နှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း(ငါးသန်) ကောင်ရေ သုံးသိန်း၊ ထိုင်းငါးခုံးမကောင်ရေ တစ်သိန်း စုစုပေါင်း ငါးကောင်ရေ လေးသိန်းကို ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**



# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/ ၂၀၂၀) ကျင်းပ

**စစ်တွေ ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် Coronavirus Disease–2019 (Covid–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းဝေး(၁၂/၂၀၂၀) ကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronavirus Disease – 2019 (Covid–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ရှိအခြေအနေတွင် မှန်မှန်ကန်ကန်သုံးသပ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ထားရှိမှုနှင့် ပြည်ထောင်စုအစိုးရ၏ ညွှန်ကြားထားရှိမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန် ယနေ့အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမှလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ကုသမှုများ ပြုလုပ်နိုင်ရန် ဆရာဝန်၊ ဆရာမများ အထူးကုသရေးအဖွဲ့ကို နှစ်ကြိမ်တိုင် ပို့ဆောင်ပေးလျက်ရှိနေပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး မိမိတို့ကော်မတီ၏ လုပ်ဆောင်မှုသာမက နိုင်ငံတော်အစိုးရ၊ အလှူရှင်များ၏ အကူအညီများကိုလည်း ရရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီဝင်များအပါအဝင် အားလုံးပူးပေါင်းပြီး စိတ်ရှည်လက်ရှည်ဖြင့် စေတနာထားပြီး လုပ်ပေးနိုင်မည်ဆိုလျှင် တာဝန်ကျေပွန်နိုင်သလို မိမိတို့စေတနာကို အကောင်းဆုံးလုပ်ပြနိုင်မှာ ဖြစ်သည့်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်နိုင်ရန် တပ်မတော်ဆေးအဖွဲ့များ၊ ဆေးအထောက်အကူပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ဒုတိယအကြိမ် ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၆**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်နိုင်ရန် တပ်မတော်ဆေးအဖွဲ့များ၊ ဆေးအထောက်အကူပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ရန်ကုန်လေဆိပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ဒုတိယအကြိမ် ပို့ဆောင်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ပို့ဆောင်ရာတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်မှ မေ့ဆေးပါရဂူ တစ်ဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ ဆေးပါရဂူ တစ်ဦး၊ ဆေးမှူး နှစ်ဦး၊ သူနာပြု ၁၀ ဦးတို့နှင့်အတူ Oxygen Plant တစ်လုံး၊ ICU Ventilator(SV–300) တစ်လုံး၊ ICU Bed နှစ်လုံး၊ Suction Machine သုံးလုံး၊ Pluse Oxymeter သုံးလုံး၊ Patient Monitor သုံးလုံး၊ Infusion Pump သုံးလုံး၊ Syringe Pump သုံးလုံး၊ Video Laryngoscope တစ်လုံး၊ Mini–Centrifuge တစ်လုံး၊ Oxygen Cylinder(40L) အလုံး ၂၀ ၊ Oxygen Concentrator(5L) တစ်လုံး၊ BP Cuff သုံးလုံး၊ UV Lump ငါးချောင်း၊ ဆေးနှင့် ဆေးပစ္စည်း ၁၃၄ မျိုးအပြင် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပါဝင်ကြောင်း။

ယင်းဆေးပစ္စည်းများတွင် ရခိုင်ပြည်နယ်အတွင်း Oxygen လိုအပ်ချက်ကို အထောက်အကူဖြစ်စေရန် တစ်ရက်လျှင် Oxygen Cylinder ခြောက်လုံး ထုတ်လုပ်ပေးနိုင်သည့် Oxygen Plant စက်တစ်လုံး ပါဝင်ကြောင်း ဖော်ပြထားသည်။

တပ်မတော်မှ ဆေးအဖွဲ့များနှင့် အထောက်အကူပြုဆေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီး သက်နိုင်ဦးနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုလွှဲပြောင်း လက်ခံရယူကြသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများကို ကုသနိုင်ရန်အတွက် စစ်တွေတပ်နယ်ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် တပ်မတော်ဆေးရုံတို့တွင် လူနာ ၁၂၀ လက်ခံကုသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID- 19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၉-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု (Mekong-ROK Cooperation) Emblem နှင့် Slogan ပြိုင်ပွဲ



ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပမည့်
Emblem နှင့် Slogan ပြိုင်ပွဲ ချီးမြှင့်မည့်ဆုငွေ
ပထမဆု ကိုရီးယားဝမ် (၃၀၀၀၀၀၀) (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၅၀၀)
ဒုတိယဆု ကိုရီးယားဝမ် (၃၀၀၀၀၀) (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၅၀)

**Emblem နှင့် Slogan ပေးပို့ယှဉ်ပြိုင်ရမည့် အချိန်ကာလ**
**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အထိ**

❖ မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
❖ Emblem နှင့် Slogan အတွက် ပထမဆုအား (၁) ဦးစီဖြင့် ဆု(၂)ဆုချီးမြှင့်မည်ဖြစ်ပြီး၊ ဒုတိယဆုအား (၂) ဦးစီဖြင့် ဆု(၄)ဆု၊ စုစုပေါင်း ဆု(၆)ဆု ချီးမြှင့်သွားမည် ဖြစ်ပါသည်။
❖ ပြိုင်ပွဲအတွက် Contest Announcement၊ Entry Forms၊ Consent Form for Collection and Use of Personal Information နှင့် Fast Facts about Mekong-ROK Cooperation တို့အား southeastasia2@mofa.go.kr တွင် ရယူနိုင်ပါသည်။
❖ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

# မှော်ဘီမြို့နယ်ရှိ စပါးစိုက်ခင်းများ၌ ငါးသားပေါက်များ စိုက်ထည့်

**မှော်ဘီ ဩဂုတ် ၂၆**

အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် စပါးစိုက်ခင်းများအတွင်း ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စိုက်ထည့်ခြင်း အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု စပါးစိုက်လယ်ဧက ၁၀၀ ၌ ယနေ့ ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာယဉ်ယဉ်မိုး၊ မှော်ဘီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများက စပါးစိုက်ပျိုးဧက ၁၀၀ အတွင်း ငါးခုံးမကြီး ငါးသားပေါက်များ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း




# ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ်အတွက် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်

**စစ်တွေ ဩဂုတ် ၂၆**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်က ယနေ့တွင် ငွေကျပ်သိန်း ၆၀၀ ခန့်တန်ဖိုးရှိ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းခုနစ်မျိုးကို ပြည်နယ်အစိုးရထံသို့ Air KBZ အရေးပေါ်ကယ်ဆယ်ရေးအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပါဝင်**

Air KBZ အရေးပေါ်ကယ်ဆယ်ရေးအထူးလေယာဉ်တွင် ကိုဗစ်-၁၉ ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်အိတ် ၃၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်မှန် ၂၀၀၊ နိုင်ငံတကာအဆင့်မီ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ ၂၀၀ နှင့် အပူချိန်တိုင်းကိရိယာ ၁၀၀ စသည်တို့ပါဝင်ကြောင်း သိရသည်။ ကမ္ဘောဇဘဏ်မှ လှူဒါန်းသည့် ကာကွယ်ရေးအထောက်အကူပြုပစ္စည်း ခုနစ်မျိုးကို နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်သို့ ပျံသန်းပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကြိုတင်လှူဒါန်းခဲ့**

ထို့ပြင် ဩဂုတ် ၂၄ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုထံသို့ ကမ္ဘောဇဘဏ်က Facility Quarantine ဝင်ရောက်နေကြသည့် စောင့်ကြည့်လူနာများအနက်မှ နေ့စဉ်စားသောက်စရိတ်ခက်ခဲနေသော ပြည်သူတစ်ဦးကို တစ်ရက်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန် အလှူငွေကျပ် သိန်း ၃၀၀ ကို ကြိုတင်ပေးအပ်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှ ယနေ့အချိန်ထိ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၀၄၂ သိန်း လှူဒါန်းထားပြီး ဖြစ်ကြောင်း သိရသည်။

ကိုကျော်

## ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်


**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၂ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် ၁၀ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်တွင်လည်း မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# အိန္ဒိယနိုင်ငံ ဟာရီယားနားပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**ချန်ဒီဂါ ဩဂုတ် ၂၆**

အိန္ဒိယနိုင်ငံ ဟာရီယားနားပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဂျေပီဒါလားလ်သည် ကိုဗစ်-၁၉ ရောဂါ ယနေ့ကူးစက်ခံခဲ့ရရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ရှစ်ဦးမြောက် ဥပဒေပြုလွှတ်တော် အမတ်ဖြစ်လာခဲ့ကြောင်း သိရသည်။

**ရေးသားဖော်ပြ**

လွန်ခဲ့သည့် သုံးရက်က ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုခံယူခဲ့ရာ မိမိတွင် ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိကြောင်း၊ သို့သော် နောက်တစ်နေ့ ပြန်စစ်ခဲ့ရာ မိမိတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း ဒါလားလ်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ယနေ့ ရေးသားဖော်ပြထားသည်။

ပြည်နယ်စိုက်ပျိုးရေးဝန်ကြီး ဒါလားလ်သည် ၎င်း၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ပြီးနောက် သီးခြားခွဲ၍ နေရသည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် မကြာသေးမီက ၎င်းနှင့် အနီးကပ်ထိတွေ့ခဲ့သူအားလုံးကို သီးခြားခွဲနေကြပြီး ရောဂါပိုး ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှုခံယူကြရန် တောင်းဆိုထားကြောင်း သိရသည်။

ဒါလားလ်သည် ချန်ဒီဂါမြို့၌ ပြည်နယ်လွှတ်တော်အစည်းအဝေး မစတင်မီ နာရီပိုင်းအလိုတွင် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းဖြစ်သည်။

ထို့အတူ ဟာရီယားနားပြည်နယ် ဝန်ကြီးချုပ် မာနိုဟာလားလ်ခတ္တာနှင့် ဟာရီယားနားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဂျီယံချန့်ဂုဘ်တာတို့သည်လည်း ဩဂုတ် ၂၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။ မာနိုဟာလားလ်ခတ္တာသည် ပြည်နယ်၏ မြို့တော်ဂူရ်ဂုန်းမြို့ရှိ ဆေးရုံတစ်ရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ၎င်း၏ ကျန်းမာရေးအခြေအနေမှာ လတ်တလောတွင် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၇၁၅၁ ဦး ယနေ့ စမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၂၃၄၄၇၄ ဦး ရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀၅၉ ဦး ထပ်မံ သေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၉၄၄၉ ဦးရှိလာကြောင်း သိရသည်။

ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ဂျော်တီ

# မော်လ်ဒိုက်သမ္မတဟောင်း မော်မွန်းအဒူဂါယွန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ



**မေးလ် ဩဂုတ် ၂၆**

မော်လ်ဒိုက်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၀၀၀ ကျော်အထိ ရှိလာခဲ့သလို သမ္မတဟောင်း မော်မွန်းအဒူဂါယွန်းသည်လည်း ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများက ယနေ့ ဖော်ပြကြသည်။

မော်လ်ဒိုက်နိုင်ငံအား ၁၉၇၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အုပ်ချုပ်ခဲ့သည့် သမ္မတဟောင်း ဂါယွန်းက ၎င်းတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ယမန်နေ့တွင် တွစ်တာ၌ ကြေညာခဲ့သည်။ အသက် ၈၂ နှစ်အရွယ် ဝါရင့်နိုင်ငံရေးသမား ဂါယွန်းသည် ယခုနှစ်အစောပိုင်းတွင် အာဏာရ အစိုးရ၏ ညွန့်ပေါင်းအဖွဲ့ဖြစ်သည့် မော်လ်ဒိုက်ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုပါတီ၏ ခေါင်းဆောင်အဖြစ် ပြည်တွင်းနိုင်ငံရေး၌ ပါဝင်ခဲ့သူဖြစ်သည်။

ယမန်နေ့က မော်လ်ဒိုက်နိုင်ငံသား ၁၀၉ ဦးနှင့် နိုင်ငံခြားသား ၂၆ ဦး စုစုပေါင်း ၁၃၅ ဦး၌ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ရာ ကူးစက်မှုစုစုပေါင်း ၇၀၄၇ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီ (HPA) ၏ ပြောကြားချက်အရ သိရသည်။ မော်လ်ဒိုက်နိုင်ငံတွင် လက်ရှိအချိန်၌ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရဆဲလူနာ ၂၅၈၀၊ ပိုးကင်းစင်သွားသူ ၄၄၃၉ ဦး၊ စောင့်ကြည့်လူနာ ၁၄၆၀ နှင့် သေဆုံးသူ ၂၈ ဦး ရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီ (HPA) ၏ အချက်အလက်များက ဆို သည်။

ဇူလိုင် ၁၅ ရက်က ပြည်ပခရီးသွားများအတွက် နယ်စပ်ဂိတ်များ ဖွင့်လှစ်ပြီးနောက် မော်လ်ဒိုက်နိုင်ငံ၌ ကူးစက်မှုများ မြင့်တက်လာခဲ့သည်။ ဩဂုတ်လအတွင်း ပျမ်းမျှအားဖြင့် နေ့စဉ်ကူးစက်မှု ၁၀၀ ကျော်ရှိခဲ့ပြီး ကူးစက်လူနာအများစုမှာ မော်လ်ဒိုက်နိုင်ငံသားများဖြစ်သည်။ အာဏာပိုင်များက အများပြည်သူပိုင်နေရာများ၌ မဖြစ်မနေ နှာခေါင်းစည်းဝတ်ဆင်ရခြင်း၊ ညမထွက်ရအမိန့်များ၊ သွားလာမှုကန့်သတ်ချက်များ အပါအဝင် ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းများကိုလည်း ချမှတ်ခဲ့သည်။

မော်လ်ဒိုက်နိုင်ငံသည် ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်များ မလိုက်နာ သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ဒဏ်ရိုက်ခြင်း သို့မဟုတ် ယာယီပိတ်သိမ်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၄၃ ဦး တွေ့ရှိ၊ ၁၁၉ ဦး သေဆုံး

**တီဟီရန် ဩဂုတ် ၂၆**

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၉ ဦး သေဆုံးခဲ့ပြီးနောက် သေဆုံးသူပေါင်း ၂၀၁၂၀ ရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၄၃ ဦး ထပ်မံ စမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါ ကူးစက်ခံရသူ ၃၆၅၆၀၆ ဦး ရှိလာကြောင်း အီရန်အစိုးရက ယနေ့အတည်ပြုပြောကြားသည်။

ယင်း ကူးစက်ခံရသူ ၂၂၄၃ ဦးအနက် ၁၁၂ ဦးသာ ဆေးရုံတင်ခြင်းခံရကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စီမာဆာဒတ်လာရီက ယနေ့ပြုလုပ်သော ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

သို့သော် အီရန်နိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၃၁၄၈၇၀ သည် ရောဂါမှ ပြန်လည်ကျန်းမာလာပြီး လောလောဆယ် လူနာ ၃၈၃၁ ဦးသာ နိုင်ငံတစ်ဝန်းရှိဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှုခံယူရလျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် နိုင်ငံတစ်ဝန်း၌ ယနေ့အထိ လူဦးရေ ၃၁၁၃၈၀၆ ဦးတို့၏ နမူနာကို စစ်ဆေးခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၁၃ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရှိန်မြင့်မားလာသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး ယင်းရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန် အကူအညီပေးကြရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျော်တီ



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ
၂၄၁၀၆၈၀၆ ဦး

သေဆုံးသူ
၈၂၄၅၃၃ ဦး

ပြန်လည်ကျန်းမာလာသူ
၁၆၆၄၉၉၂၀ ဦး

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ ရေဘေးကြောင့် ၂၅ ဦး သေဆုံး၊ ၄၀ ဒဏ်ရာရ

**ကဘူးလ် ဩဂုတ် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပါဝမ်ပြည်နယ်၌ ယမန်နေ့ညပိုင်းက ရေကြီးရေလျှံမှုများကြောင့် ၂၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ ပြောကြားလိုက်သည်။



ယမန်နေ့ညနေခင်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပါဝမ်ပြည်နယ်အလယ်ပိုင်း လူနေရိယာတစ်ခု၌ ရေကြီးမှုများ ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒါရှာခါက ပြောကြားခဲ့သည်။ "ရေဘေးကြောင့် ပြည်သူ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၄၀ ဒဏ်ရာရရှိခဲ့သလို နေအိမ် ၁၀ လုံးနဲ့ စိုက်ပျိုးမြေဧရိယာများစွာ ပျက်စီးခဲ့ပါတယ်" ဟု ၎င်းက ဆိုသည်။

ရေဘေးသင့်ပြည်သူများသို့ အကူအညီများပေးအပ်ရန် ဒေသန္တရအစိုးရနှင့် ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုရေးရာ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရေနစ်မြုပ်ရာ ကျေးရွာများသို့ မကြာမီ သွားရောက်မည်ဟု ၎င်းက ဆိုသည်။

သေဆုံးမှုမြင့်တက်လာဖွယ်ရှိပြီး ယနေ့နောက်ပိုင်းတွင် အသေးစိတ်အခြေအနေများကို မီဒီယာများသို့ ထုတ်ပြန်ပေးနိုင်မည်ဟု ဝါဟီဒါရှာခါက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး

# ဘာရာဇီးသမ္မတ ဘိုဆိုနာရို၏သားအကြီးဆုံးဖြစ်သူ လွှတ်တော်အမတ် ဖလာဗီယိုဘိုဆိုနာရို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဘာရာဇီးလီးယား ဩဂုတ် ၂၆**

ဘာရာဇီးသမ္မတ ဘိုဆိုနာရို၏ သားအကြီးဆုံးဖြစ်သူ လွှတ်တော်အမတ် ဖလာဗီယိုဘိုဆိုနာရိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ယမန်နေ့ဆေးမှတ်တမ်းများအရ သိရသည်။

ဖလာဗီယိုဘိုဆိုနာရိုက ၎င်းအနေဖြင့် ဗိုင်းရပ်စ်ကူးစက်ခံထားရသော်လည်း ကျန်းမာရေးကောင်းမွန်ဆဲဖြစ်ကြောင်းနှင့် သူ၏နေအိမ်တွင် သီးခြားခွဲနေထိုင်ကာ ဆေးကုသမှုများ ခံယူလျက်ရှိကြောင်း ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။


သမ္မတ ဘိုဆိုနာရို၏ မိသားစုဝင်များအနက် ဖလာဗီယိုဘိုဆိုနာရိုသည် စတုတ္ထမြောက် ဗိုင်းရပ်စ်ကူးစက်ခံရသူဖြစ်လာသည်။ သမ္မတ ဘိုဆိုနာရိုသည် ဇူလိုင် ၇ ရက်တွင် ဗိုင်းရပ်စ်စတင်ကူးစက်ခံခဲ့ရပြီး ၎င်း၏ နေအိမ်မှ ရုံးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ရက်သတ္တပတ်နှစ်ပတ်ကြာပြီးနောက် ရောဂါမှ ပျောက်ကင်းသက်သာလာခဲ့ကြောင်း သိရသည်။

ဇူလိုင် ၃၀ ရက်တွင် သမ္မတကတော် မစ်ချယ်ဘိုဆိုနာရိုတွင် ဗိုင်းရပ်စ်ကူးစက်မှု စစ်ဆေးတွေ့ရှိခဲ့သည်။ လွန်ခဲ့သောရက်သတ္တပတ်တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာခဲ့ကြောင်း မစ်ချယ်ဘိုဆိုနာရိုက ကြေညာခဲ့သည်။

ဩဂုတ် ၁၅ ရက်တွင် သမ္မတ ဘိုဆိုနာရို၏ အငယ်ဆုံးသားဖြစ်သူ ရီနန်ဘိုဆိုနာရိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသည်။ ဘာရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ဗိုင်းရပ်စ်ကူးစက်မှုအများဆုံးနိုင်ငံဖြစ်ပြီး လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၆၇၄၁၇၆ ဦး ရှိပြီး သေဆုံးသူ ၁၁၆၆၆၆ ဦးရှိကြောင်း ဘာရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**





# ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် ပြည်နယ်နှင့် ဒေသ ၁၄ ခု၌ အသွားအလာကန့်သတ်မှု ဥပဒေသစ် တူရကီ ထုတ်ပြန်

**အစ္စတန်ဘူလ် ဩဂုတ် ၂၆**

တူရကီအစိုးရသည် နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်လာမှုကို ထိန်းချုပ်ရန် နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် ဒေသ ၁၄ ခုတွင် အသွားအလာကန့်သတ်မှု နည်းဥပဒေသစ်တစ်ရပ်ကို ယနေ့ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ပြည်ထဲရေးဝန်ကြီးဌာနက မြို့တော်အန်ကာရာနှင့် နိုင်ငံ၏ အနောက်မြောက်ဘက် ဘာဆာပြည်နယ်တို့အပါအဝင် နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် ဒေသပေါင်း ၁၄ ခုတွင် သွားလာလှုပ်ရှားမှု တချို့ကို တားမြစ်ပိတ်ပင်ထားမည်ဟု အသိပေးထားကြောင်း ပြောကြားသည်။

ထို့ပြင် ယင်းအသိပေးစာအရ မင်္ဂလာဆောင် အခမ်းအနားအားလုံးကို အစိုးရက သတ်မှတ်ထားသည့် ခပ်ခွာခွာနေရေး အစီအမံများအား တင်းကျပ်စွာ လိုက်နာခြင်းနှင့်အတူ တစ်နာရီသာ ကန့်သတ်ထားကြောင်း သိရသည်။

**တားမြစ်ပိတ်ပင်ထား**

ထို့အတူ သတို့သားနှင့် သတို့သမီးတို့၏ ဆွေမျိုးရင်းချာမဟုတ်သော အသက် ၆၅ နှစ်နှင့် အထက်ရှိ နိုင်ငံသားများနှင့် အသက် ၁၅ နှစ်အောက် ကလေးများကိုလည်း လက်ထပ်မင်္ဂလာဆောင်ပွဲနှင့် ပတ်သက်သည့် အခမ်းအနားအားလုံးသို့ တက်ခြင်းမှ တားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

ထို့ပြင် ယင်းဥပဒေသစ်အရ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းရှိ အစိုးရဌာနများနှင့် အဖွဲ့အစည်းများတွင် ယာယီဆိုင်းငံ့ထားကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျှော့ချရန် အဝေးမှ လုပ်ကိုင်ရသော လုပ်ငန်းစနစ်ကို ကျင့်သုံးရန် အစိုးရဌာနများအား ခွင့်ပြုမည်ဖြစ်ကြောင်း တူရကီသမ္မတရုံးမှ ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယမန်နေ့က တူရကီနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၀၂ ဦး တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၁၆၁၁၉၄ ဦး ရှိလာကြောင်း သိရသည်။ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၁၆၃ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် ၉၀ ထက်မနည်း သေဆုံး

**ကရာချိ ဩဂုတ် ၂၆**

ပါကစ္စတန်နိုင်ငံတစ်ဝန်း သုံးရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၉၀ ထက်မနည်း သေဆုံးခဲ့ပြီး ထောင်နှင့်ချီသော နေအိမ်များ ပျက်စီးခဲ့ရကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကရာချိမြို့တော်ရှိ လမ်းမများနှင့် နေအိမ်အချို့ ရေနစ်မြုပ်ခဲ့ရသည်။ မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်စဉ်များကြောင့် ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းပြည်နယ်၌ ၃၁ ဦး သေဆုံးခဲ့သည်။ ရေကြီးရေလျှံမှုများကြောင့် ခိုင်ဘာပတ်တွမ်ခွာပြည်နယ်၌ ၂၃ ဦး၊ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်၌ ၁၅ ဦး၊ ပန်ဂျပ်ပြည်နယ်၌ ရှစ်ဦးနှင့် ပါကစ္စတန်နိုင်ငံပိုင် ကက်ရှ်မီးယားဒေသအပါအဝင် အခြားပြည်နယ်များ၌ ၁၃ ဦး သေဆုံးခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ဆိုသည်။

လုံခြုံရေးတပ်ဖွဲ့များ၊ ကယ်ဆယ်ရေးသမားများနှင့် အစ္စလာမ့်စ်အဖွဲ့ တာရစ်အီးလတ်ဘိတ်ခ်မှ စေတနာ့ဝန်ထမ်းများက ကရာချိမြို့၌ ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည်ကို မြင်တွေ့ခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ၏ အကြီးမားဆုံးမြို့ ကရာချိမြို့တော်နေ ပြည်သူအများအပြားက ရေဘေးကြောင့် ဆွေမျိုးများ၏ နေအိမ်များ၌ ခိုလှုံနေရသည်။ လုံခြုံရေးတပ်ဖွဲ့များက ဆင်းပြည်နယ် ရေဘေးသင့် ဒါဒူခရိုင်၌ ပြည်သူ ၃၀၀ အားလှေများအသုံးပြု၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သလို ကရာချိမြို့တော်၌ ပြည်သူ ၁၂၄၅ ဦးကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့သည်။

ကရာချိမြို့၌ ယခုသီတင်းပတ်အတွင်း မိုးဆက်လက်ရွာသွန်းမည်ဟု ယူဆရသည်။ ရေနစ်မြုပ်လျက်ရှိရာ လူနေဧရိယာများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယခုလအစောပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များအား ဝန်ကြီးချုပ် အမ်မရန်ခန်းက စေလွှတ်ခဲ့သည်။ ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ့ရှိခဲ့သည့် ဖေဖော်ဝါရီလနောက်ပိုင်း လူပေါင်း ၆၂၀၀ ကျော် သေဆုံးခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်ရန် အာဏာပိုင်များ ကြိုးပမ်းနေရသည့် ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံရှိ မြို့တော်ကြီးများက နှစ်စဉ် ရေဘေးကြုံတွေ့နေရပြီး စီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့်ဟု ဝေဖန်ခံနေရသည်။ ပါကစ္စတန်နိုင်ငံ၌ မိုးရာသီကာလမှာ ဇူလိုင်လမှ စက်တင်ဘာလအထိ ဖြစ်သည်။

**ကိုးကား-သည်ဂါးဒီးယန်း**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# စကော့တလန်ရှိ အထက်တန်းကျောင်းသားများ ဩဂုတ် ၃၁ ရက်မှစ၍ မျက်နှာအကာအကွယ်များ ဝတ်ဆင်ရမည်



**လန်ဒန် ဩဂုတ် ၂၆**

စကော့တလန်ရှိ အထက်တန်းကျောင်းသားများအနေဖြင့် ဩဂုတ် ၃၁ ရက်မှစတင်ကာ ကျောင်းစင်္ကြံများ၊ အများနှင့်သက်ဆိုင်သောနေရာများနှင့် ကျောင်းကားများတွင် မျက်နှာအကာအကွယ်များ ဝတ်ဆင်ရမည်ဖြစ်ကြောင်း စကော့တလန် ပညာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယခုချမှတ်လိုက်သည့် စည်းမျဉ်းသည် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားအားလုံးနှင့် အကျုံးဝင်မည်ဖြစ်ကြောင်းလည်း ပညာရေးဝန်ကြီး ဂျွန်ဆွင်နေးက ပြောကြားခဲ့သည်။ စကော့တလန်ပညာရေးဝန်ကြီးဌာန၏ စည်းမျဉ်းသစ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်အသစ်များအပေါ် အခြေခံကာ ပြင်ဆင်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဂျွန်ဆွင်နေးက ပြောကြားခဲ့သည်။

အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားအားလုံး မျက်နှာအကာအကွယ်များ ဝတ်ဆင်ရမည်ဆိုသော်လည်း လူမှုရေးအရ ခပ်ခွာခွာနေထိုင်ရမည့် စည်းကမ်းများချမှတ်ထားသည့် စာသင်ခန်းများအတွင်း မျက်နှာအကာအကွယ် ဝတ်ဆင်ရန် လိုအပ်မည်မဟုတ်ကြောင်းလည်း သိရသည်။

စကော့တလန်အပါအဝင် ဗြိတိန်ရှိ ကျောင်းများတွင် မျက်နှာအကာအကွယ်ဝတ်ဆင်ခြင်းကို လက်ရှိအချိန်အထိ ၎င်းတို့၏ အသိစိတ်ဓာတ်ဖြင့် ဝတ်ဆင်မှုများရှိခဲ့သော်လည်း တချို့ကျောင်းများတွင်မူ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုထိန်းချုပ်ရေးအကူအညီပေးရန် ကျောင်းသား ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများအား မျက်နှာအကာအကွယ်များကို ဝတ်ဆင်ရန် တောင်းဆိုမှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောက်အိုင်ယာလန်တွင် ကျောင်းများ၌ မျက်နှာအကာအကွယ်ဝတ်ဆင်ခြင်းကို အတင်းအကျပ် တိုက်တွန်းမှုများရှိနေသော်လည်း အင်္ဂလန်နိုင်ငံတွင်မူ ကျောင်းများ၌ နှာခေါင်းစည်းများ ဝတ်ဆင်ရေးအတွက် ယခုချိန်အထိ တောင်းဆိုမှုမပြုသေးကြောင်းလည်း သိရသည်။

**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်**

# ရွှေကူ၊ ပြင်ဦးလွင်၊ ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



တင်ထွေး (ခ) ကိုထွေးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၆

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ရွှေကူမြို့နယ် ဗန်းမော်-မန္တလေးသွား ကားလမ်းတွင် တင်ထွေး(ခ)ကိုထွေး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ ငွေကျပ် ၁၁၇၁ သိန်းတန်ဖိုးရှိ ဘိန်းဖြူ သုည ဒသမ ၃၉၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၉ နာရီခန့်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးသွား ကားလမ်း ဝက်ဝံကျေးရွာ ပိတ်ချင်းမြောင် နယ်မြေရဲစခန်းရှေ့တွင် အိုက်ပွဲမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၉၉၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၇ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၆ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ (၁၆)မိုင် စစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်အား ရှာဖွေရာ ခရီးသည် မဘောမ်လွေနှင့် နော်ဝမ်းတို့ထံမှ စိတ်ကြွဆေးပြား ၁၁၇၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင် အဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း အောင်ကိုဦးနှင့် သန်းစိုးတို့နှစ်ဦးအား ဆိုင်ကယ်တစ်စီး၊ ငွေကျပ် ၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ၅၈ လမ်းနှင့် ၁၂၅ လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်၌ ကျန်ကြည်ချိန်အား ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ ဆက်လက်၍ လားရှိုးမြို့ မောဒလိရပ်ကွက် ရန်အောင်လမ်း အိမ်အမှတ်(ဆ/၂၈၆)တွင် စိုးမြင့်(ခ)ရန်တာပေါက်(ခ) ကျူလှျောက်ရှင်းအား ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု မိုင်းဆတ်-ဟွေရဲသွား ကားလမ်းတွင် အညီး မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် မနာဟဲ မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မြန်မာမိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၆

မြန်မာမိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် သမန်းချောင်းကျေးရွာနေ ဒေါ်ငွေးဝင်း (ခ) မခင်ငွေးဝင်းသည် ကန်ကြီးထောင့်မြို့နယ် ရှမ်းစုကျေးရွာနေ ၁၉ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးအား ရန်ကုန်မြို့ရှိ စက်ရုံတွင် အလုပ်လုပ်ပါက တစ်လလျှင် ငွေကျပ် တစ်သိန်းဖြင့် အလုပ်ရမည်ဟု လိမ်လည်ပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအတွက် ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်နယ်မြေရဲစခန်းက (ပ)၁၁၄/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ပုသိမ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဩဂုတ် ၂၁ ရက်တွင် တရားခံ ဒေါ်ငွေးဝင်း (ခ)မခင်ငွေးဝင်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထားဝယ်မြို့နှင့် ကော့သောင်းမြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ထားဝယ် ဩဂုတ် ၂၆

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အောင်သူဦးစီးအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ထားဝယ်မြို့ ဖျောတောဝရပ်ကွက် မေတ္တာလမ်း နန်းတော်ရာဘုန်းတော်ကြီးကျောင်းရှေ့ မုခ်ဝအနီး၌ မသင်္ကာဖွယ်တွေ့ရှိသော သူရစိုးနှင့် ဇော်ဦးတို့အား ရှာဖွေစစ်ဆေးရာ သူရစိုး၏ ဦးထုပ်အတွင်းမှ စိတ်ကြွဆေးပြား ၂၁၀ နှင့် ဇော်ဦး၏ လွယ်အိတ်အတွင်းမှ မူးယစ်ဆေးဝါးသုံး ဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိပြီး သူရစိုး နေအိမ်သို့ ထပ်မံရှာဖွေစစ်ဆေးရာ နေအိမ်မီးဖိုဘေး ပြာပုံအောက်မှ စိတ်ကြွဆေးပြား ၇၉၀ အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား ထားဝယ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ကော့သောင်းမြို့ အမှတ်(၃၄) မူးယစ်ရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ဇင်မိုးဦး ဦးစီးပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးသတင်းအရ ကော့သောင်းမြို့ အောင်သုခရပ်ကွက် စံပါယ်လမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ဖြိုးဇော်အောင်(ခ)ဂျင်အောအား ရှာဖွေစစ်ဆေးရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၂၃၅ ပြားအား တွေ့ရှိသိမ်းဆည်းရမိပြီး စစ်ဆေးမေးမြန်းရာ ပိတောက်ရွှေဝါရပ်ကွက်နေ ဇော်မင်းနိုင်(ခ)အာလူးထံမှ ဝယ်ယူရရှိကြောင်း သိရှိသဖြင့် ဇော်မင်းနိုင်(ခ) အာလူးနေအိမ်သို့ ထပ်မံဝင်ရောက်ဖမ်းဆီးရာ ဘိန်းစာမှုန့်(၁၂)ဂရမ်ပါ တစ်ထုပ်နှင့် မူးယစ်ဆေးဝါးသုံး ဆက်စပ်ကိရိယာများအား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား ကော့သောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် တန် ၅၅၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော် ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၃၁ ဒသမ ၀၄၆၉ တန်၊ သစ်မာ ၁၇၅ ဒသမ ၀၄၁၅ တန်၊ အခြား ၂၄၄ ဒသမ ၃၃၆၇ တန်၊ စုစုပေါင်း ၅၅၀ ဒသမ ၄၂၅၁ တန် ပြစ်မှုကျူးလွန်သူ ၈၀၊ ယာဉ်/ယန္တရား ၃၇ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ညီညီသန်း(နေပြည်တော်)

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉၁ စီး၊ သွင်းကုန် ၄၂၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၁၂၅ သန်းတန်ဖိုးရှိ တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် ကြောင်စာ (Bingo Star) (1x20 kg) (5 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဝမ်းတွင်းမြို့၌ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ဝမ်းတွင်း ဩဂုတ် ၂၆

ဝမ်းတွင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ဝင်း ဦးစီးအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် လျှော်ပင်ဈေး၌ ကိုဗစ်-၁၉ ရောဂါအန္တရာယ် ပညာပေးဟောပြောခြင်း၊ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေသစ်၊ လူကုန်ကူးမှု/ ပြည်ပ အလုပ်အကိုင်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား





## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၇၃ ရက်သာ**

လိုတော့သည်။

**အထွေထွေရွေးကောက်ပွဲကို**

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်**

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။



## သိန္နီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး



သိန္နီ ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း )သိန္နီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သိန္နီမြို့နယ် ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးငြိမ်းချမ်းနှင့် ဝန်ထမ်းများသည် သိန္နီမြို့နယ် နမ့်စလပ်ကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ယမန်နေ့အထိ ပြည်သူ ၂၂၁ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်များကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သီပေါကိုလတ်

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# စိန်ခေါ်မှုဆိုတာ ကြောက်စရာမဟုတ်၊ ကျော်လွှားဖို့သာဖြစ်



အခု စစ်တွေမှာဆိုရင် အရင်အပတ်ကစပြီး ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုဟာ အင်မတန်မှမြန်ခဲ့ပါတယ်။ အင်မတန်မှမြန်တဲ့အခါမှာ စိုးရိမ်ပူပန်မှုတွေလည်း တက်လာပါတယ်။ ဒါကို စိန်ခေါ်မှုတစ်ခုအနေနဲ့ ကြည့်စေချင်ပါတယ်။ စိန်ခေါ်မှုဆိုတာ ကြောက်စရာမဟုတ်ပါဘူး။ ကျော်လွှားဖို့သာ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို နိုင်ငံတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအနေနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ စစ်တွေမှာ ရောဂါပြန့်ပွားနေတာကြောင့် ရခိုင်ပြည်နယ် ပြင်ပကို စစ်တွေကပြည်သူတွေ မထွက်အောင်လို့ ကျွန်မတို့ စည်းကမ်းတွေ သတ်မှတ်ရပါတယ်။ ဒီဟာက ထိန်းချုပ်ချင်တဲ့ သဘောမဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ ကာကွယ်ချင်တဲ့သဘော ဖြစ်ပါတယ်။ ကာကွယ်တာဟာ တစ်တိုင်းပြည်လုံးလည်း ကာကွယ်ရတယ်။ စစ်တွေနဲ့ ကျန်တဲ့ ရခိုင်မြောက်ပိုင်းက ပြည်သူတွေကိုလည်း ကာကွယ်ရတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့်(၂၀၂၀)ပြည့်နှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

### COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၅-၈-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | မလေးရှားနိုင်ငံ သီရိမင်္ဂလာဓမ္မာရုံကျောင်းနှင့် ရန်ကုန်မြို့ ရာပြည့်မစိုးရိမ်ကျောင်း ဆရာတော် အရှင်ကောသလ္လ (သာသနဓဇ ဓမ္မာစရိယ) | ၅.၀၀ |
| ၂။ | နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစု | ၃၆.၀၀ |
| ၃။ | ဦးခင်မောင်ဝေအား ရည်စူး၍ ဒေါ်လှလှမြင့်၊ ရန်ကုန်မြို့ | ၅၀၀.၀၀ |
| ၄။ | ဦးသန်းမြင့် + ဒေါ်တင်မာ၊ ကောင်းကြွယ်လှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ အင်းစိန်မြို့ | ၁၀.၀၀ |
| ၅။ | ဒေါ်ခင်လေးညိုနှင့် ငွေစာရင်းမိသားစု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးရုံး | ၁.၃၆ |
| ၆။ | ကိုနေထက်အား ရည်စူး၍ ဦးတင်မို + ဒေါ်ခင်အုံးမြင့် မိသားစု၊ ပြည်မြို့ | ၁.၀၀ |
| ၇။ | ဒေါ်တင်ကြည်မိသားစု၊ သာကေတမြို့ | ၁.၀၀ |
| ၈။ | ဒေါ်မြတ်နီလာ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးရုံး | ၀.၅၀ |
| | စုစုပေါင်း | ၅၅၄.၈၆ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့် ဗဟိုကော်မတီ

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၇၆ ဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၅၈၀ ရှိသွားပြီ

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၇၆ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၅၈၀ ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၇၆ ဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် ပြည်ပသို့ခရီးသွားရာဇဝင်မရှိသူ ၇၅ ဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၅၈၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၅ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၃၉ ဦးနှင့် ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၇ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၆–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၅–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၁၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၇)ခု၊ စုစုပေါင်း (၈၂၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) ဦး တွေ့ရှိရပါသည်။

၂။ (၂၆–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(၅၇၄) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲစစ်ဆေးပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၆ –၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၁၈) ခု |
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၇၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းသည့်အတိုင်းမှတစ်ပါး အောက်ပါနေ့ရက်တစ်ခုခုမှ သုံးနှစ်ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာပြစ်မှုတစ်ခုခုအတွက် ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သည့်နေ့ရက်၊

(ခ) နစ်နာသူ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူက ပြစ်မှုကျူးလွန်ကြောင်း မသိရှိရာမှ ယင်းပြစ်မှုကျူးလွန်ကြောင်းကို သိရှိလာသည့်အခါ ၎င်းတို့သိရှိသည့် နေ့ရက်များအနက် စောရာနေ့ရက်၊

(ဂ) နစ်နာသူ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူက ပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်း မသိရှိရာမှ ယင်းပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်းကို ၎င်းတို့ သိရှိသည့်နေ့ရက်များအနက် စောရာနေ့ရက်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြဋ္ဌာန်း

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိရစ္ဆာန်** ဆိုသည်မှာ ကုန်းနေ၊ ရေနေ သို့မဟုတ် ကုန်းနေရေနေ သတ္တဝါကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်းနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်းပါဝင်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ မွေးမြူခြင်းနည်းစနစ်တစ်မျိုးမျိုးဖြင့် တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဂ) **တိရစ္ဆာန်မျိုးရိုးဗီဇ** ဆိုသည်မှာ တိရစ္ဆာန်များ၏ အမျိုးအစား၊ မျိုးစိတ်၊ မျိုးနွယ်အလိုက်ရှိရမည့် ပင်ကိုအရည်အသွေးကို ဆိုသည်။

(ဃ) **တိရစ္ဆာန်ထွက်ပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်မှထွက်ရှိသော အသား၊ နို့၊ ဥ၊ သွေး၊ အရိုး၊ သားရေ၊ အရည်၊ အမွေး၊ မစင်၊ အန်ဖတ်၊ အဆီ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့်ပျားအုံမှရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်။

(င) **တိရစ္ဆာန်အစာ** ဆိုသည်မှာ တိရစ္ဆာန်ကို ကျွေးမွေးရန် သမားရိုးကျ ရောစပ်၍ဖြစ်စေ၊ ခေတ်မီနည်းဖြင့် ဖော်စပ်၍ဖြစ်စေ၊ ယင်းသို့ ရောစပ်ခြင်း၊ ဖော်စပ်ခြင်းမပြုဘဲ သဘာဝအရ ဖြစ်စေ တိရစ္ဆာန်များ စားသုံးသည့်အစာကို ဆိုသည်။

(စ) **တိရစ္ဆာန်သုံးဆေးဝါး** ဆိုသည်မှာ တိရစ္ဆာန်အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ သုတေသနပြုရန်၊ အာဟာရဖြည့်စွက်ရန်၊ သန္ဓေတားရန်၊ ခွဲစိတ်ရန်၊ ဇီဝကမ္မဖြစ်စဉ် မြှင့်တင်ပေးရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပြင်ပအတွက် အသုံးပြုသော ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်သုံးဆေးဝါးဟု သတ်မှတ်သော ပစ္စည်းလည်းပါဝင်သည်။

(ဆ) **တိရစ္ဆာန်သုံးပစ္စည်း** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အလှဆင်လုပ်ငန်းများတွင် အသုံးပြုသည့် ပစ္စည်းများနှင့် တိရစ္ဆာန်အား ထိန်းချုပ်ရာတွင် အသုံးပြုသောပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်သုံးပစ္စည်းဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။

(ဇ) **မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း** ဆိုသည်မှာ သဘာဝအတိုင်း မဟုတ်ဘဲ လူတို့ပြုပြင်ထုတ်လုပ်ထားသော မျိုးရိုးဗီဇပြောင်း ဇီဝပစ္စည်းကို ဆိုသည်။

(ဈ) **ကူးစက်ရောဂါ** ဆိုသည်မှာ တိရစ္ဆာန်အချင်းချင်းသော်လည်းကောင်း၊ တိရစ္ဆာန်မှ လူကိုသော်လည်းကောင်း၊ လူမှတိရစ္ဆာန်ကိုသော်လည်းကောင်း အပြန်အလှန်ကူးစက်တတ်သောရောဂါကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဟု သတ်မှတ်သော ရောဂါတစ်မျိုးမျိုးလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဋ) **တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သည့် တိရစ္ဆာန် အကောင်အရေအတွက်ဖြင့် လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

(ဌ) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းထက် ကျော်လွန်လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

(ဍ) **မွေးမြူသူ** ဆိုသည်မှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် တိရစ္ဆာန် လက်ဝယ်ရှိသူလည်း ပါဝင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အမျိုးသားစာကြည့်တိုက်ဥပဒေ ပြဋ္ဌာန်း

**အမျိုးသားစာကြည့်တိုက်ဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အမျိုးသားစာကြည့်တိုက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစာကြည့်တိုက်** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေအရ တည်ထောင်သည့် အမျိုးသားစာကြည့်တိုက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ဖွင့်လှစ်ခဲ့သော အမျိုးသားစာကြည့်တိုက်များလည်း ပါဝင်သည်။

( ခ ) **အမျိုးသားစာကြည့်တိုက်ခွဲ** ဆိုသည်မှာ သက်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင်ရှိသည့် စာကြည့်တိုက်များကို ဆိုသည်။

( ဂ ) **စာပေအနုပညာပစ္စည်း** ဆိုရာတွင် ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့် အသံသွင်းတိပ်ခွေများ၊ စာရွက်၊ ဖလင်၊ အီလက်ထရွန်နစ်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းတင်ထားသော ပစ္စည်းများ၊ ယင်းတို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့် သက်ဆိုင်သည့်ပစ္စည်းများ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

( င ) **ဦးစီးဌာန** ဆိုသည်မှာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကို ဆိုသည်။

( စ ) **ကြီးကြပ်မှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဆိုသည်။

(ဆ) **ထုတ်ဝေစာ** ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရွန်နစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို ဆိုသည်။

( ဇ ) **ထုတ်ဝေသူ** ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေးအကျိုးအမြတ်ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ထုတ်ဝေသည့် လုပ်ငန်းလုပ်ကိုင်သူနှင့်စပ်လျဉ်းသည့် အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံ ပုဂ္ဂိုလ်လည်း ပါဝင်သည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန်၊

( ခ ) အမျိုးသားစာကြည့်တိုက်များကို အများပြည်သူ လေ့လာသုတေသနပြု အသုံးပြုနိုင်ရေးအတွက် နိုင်ငံ၏စာပေအသိဉာဏ် အမွေအနှစ်များကို စုဆောင်းထိန်းသိမ်းသည့် မြန်မာ့အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်၊

( ဂ ) ပြည်တွင်းထုတ် ထုတ်ဝေစာများနှင့်ပတ်သက်သော အကြောင်းအရာ အချက်အလက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန်၊

(ဃ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့်ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**

**ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာများမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်သူနှစ်ဦးနှင့် ခြောက်ဦးထက် မပိုသော စာကြည့်တိုက်ပညာ ပြင်ပကျွမ်းကျင်သူများက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး (စာကြည့်တိုက်မှူး)က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသားစာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

( ခ ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ကြီးကြပ်မှုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်မှုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံ၏ အမျိုးသားစာပေစုအမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် မူဝါဒများချမှတ်ခြင်း၊

( ခ ) စာကြည့်တိုက်စာစုများ (Library Collections) တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက် ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး စီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့ မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊


(၃) ကရင်ပြည်နယ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

*(ဆက်လက်ဖော်ပြပါမည်)*




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ထူးဆန်းသည့် ပဋ္ဌာန်းစက်ဝန်းပူဇော်နည်းနှင့် ကိုယ်တွေ့အဓိဋ္ဌာန်ကျင့်စဉ်များ





စာရေးသူ ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) စီစဉ်ရေးသားသည့် ထူးဆန်းသည့် ပဋ္ဌာန်းစက်ဝန်းပူဇော်နည်းနှင့် ကိုယ်တွေ့အဓိဋ္ဌာန်ကျင့်စဉ်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ထူးဆန်းသည့် ပဋ္ဌာန်းစက်ဝန်းပူဇော်နည်း၊ သတ္တမမြောက် အောင်ကျော်စံထား ဆရာတော်ကြီးမိန့်ကြားသည့် ပုတီးမစိတ်မီပရိကံပြုခြင်း၊ သတ္တမမြောက်အောင်ကျော်စံထား ဆရာတော်ကြီးအထူးဆုံးမတော်မူသော ဒုလ္လဘတရားငါးပါးဒေသနာတော်၊ သရဏဂုံ ၁၀၀၀ အဓိဋ္ဌာန်ပုတီးစိတ်၍ အသက်ဘေးမှလွတ်မြောက်ရခြင်း၊ ဘုရားရှိခိုး လက်ငင်းအကျိုးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကို စနစ်တကျကပ်လှူပူဇော်နည်း စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို-ကုဋ္ဌိတံစာပေ၊ အမှတ်(2A-514)၊ မုဒိတာအိမ်ရာ(၂)၊ ဖန်ချက်စက်ရုံလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၄၂၀၁၄၃၈၁၁ နှင့် ၀၉- ၉၆၅၁၄၃၈၁၁ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဘာသာမတူသူတို့၏ အိမ်ထောင်ရေးနှင့် အခွင့်အရေး




စာရေးသူ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် ဘာသာမတူသူတို့၏ အိမ်ထောင်ရေးနှင့် အခွင့်အရေးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ခရစ်ယာန်ဘာသာဝင်အမျိုးသမီးနှင့် အခြားဘာသာဝင်အမျိုးသားတို့၏အိမ်ထောင်ရေးနှင့် အခွင့်အရေး၊ ဟိန္ဒူဘာသာဝင်အမျိုးသမီးနှင့် အခြားဘာသာဝင်အမျိုးသားတို့၏ အိမ်ထောင်ရေးနှင့် အခွင့်အရေး၊ အစ္စလာမ်ဘာသာဝင်အမျိုးသမီးနှင့် အခြားဘာသာဝင်အမျိုးသားတို့၏ အိမ်ထောင်ရေး၊ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးနှင့် အခြားဘာသာဝင်အမျိုးသားတို့၏ အိမ်ထောင်ရေးနှင့် အခွင့်အရေး၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ(ဥပဒေအမှတ် ၅၀/၂၀၁၅)တို့ကိုရေးသားထားသည်။

စာအုပ်ကို-မယ်နှင့်မောင်စာပေတိုက်၊ အမှတ်-၁၇၈(ခ)၊ ပထမထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ဗျူဟာမြောက်ခေါင်းဆောင်မှုပညာ ဘဝနှင့် လူမှုရေး (၂)




စာရေးသူ ဒေါက်တာအေးကျော် စီစဉ်ရေးသားသည့် ဗျူဟာမြောက်ခေါင်းဆောင်မှုပညာ ဘဝနှင့် လူမှုရေး(၂)စာအုပ် ထွက်ရှိလာသည်။

ဗျူဟာမြောက်ခေါင်းဆောင်ခြင်းသည် လူမှုဆက်ဆံရေးမူဝါဒ၊ လူမှုပစ်မှတ်ဗျူဟာ၊ ဆက်ဆံရေးနည်းဗျူဟာတွဲလုံးများ၊ လူမှုရေးဗျူဟာရှင်ရီဂင်၊ ဗျူဟာမြောက် ခေါင်းဆောင်မှုစွမ်းရည်များ၊ ဗျူဟာမြောက်ညှိနှိုင်းခြင်း၊ ဗျူဟာမြောက်ဆက်သွယ်ရေး စသည့်အကြောင်းအရာများကို ပြည့်ပြည့်စုံစုံရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို-ဘဝတက်လမ်းစာပေ၊ ဂျီ-၁၁၊ တော်ဝင်လုံးချင်းအိမ်ရာ၊ (၄၁) တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၇၅၂၆ နှင့် ၀၉-၄၂၅၂၈၉၀၃၁ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## လက်ရွေးစင် ဟာသပဒေသာ အမှတ် (၈)




စာရေးသူ မောင်ကောင်းထိုက် (နီးပဒေါ်)စီစဉ်ရေးသားသည့် လက်ရွေးစင် ဟာသပဒေသာ အမှတ်(၈)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘာရမလဲ၊ မသိဘူးဆိုလို့ တော်သေးတာပေါ့၊ ခေါ်သလား၊ ကျွန်တော့်ဘောလုံး၊ ပြန်မလာဘူး၊ တော်လိုက်တဲ့သူငယ်ချင်း၊ မလိုပါဘူး၊ တရားခံတွေ့ပြီ၊ ကောင်းကောင်းသိတာပေါ့၊ ကတ်သီးကတ်သတ်၊ ကိုယ်တွေ့မို့ပါ၊ အငယ်ဆုံးမို့သက်သာတယ်၊ မမှားနိုင်တော့ဘူး၊ စကားနားမထောင်လေကောင်းလေ၊ အသိမရှိရင် မလျှောက်နဲ့၊ ဘယ်တူမလဲ၊ နောက်တစ်ခါအရောက်လာပါဦး စသည့်ဟာသနှင့်ပတ်သက်သည့် အကြောင်းအရာ၂၅၀ ကို ရေးသားထားသည်။

စာအုပ်ကို-ရွှေပဒေသာစာပေ၊ အမှတ်(၃၃)၊ မြေညီထပ်၊ ကျီတော်လမ်း၊ ပုစွန်တောင်ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၇၉၅၉၈၅၇၇၉ နှင့် ၀၉- ၉၇၉၀၀၅၆၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန

### Importer/Exporter များနှင့် MACCS Declarant များသိရှိနိုင်ပါရန်

၁။ အကောက်ခွန်ဦးစီးဌာနအပါအဝင်ကုန်သွယ်မှုဆက်စပ်ဌာနများဖြစ်သည့်ပြည်တွင်းအခွန်များဦးစီးဌာန၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့်ကုန်သွယ်ရေးဦးစီးဌာနတို့သည်ခေတ်မီ ICT နည်းပညာဖြင့်နိုင်ငံတကာအဆင့်မီကုန်သွယ်မှုသတင်းအချက်အလက်များနှင့်လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နေချိန်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer Identification Number–TIN) ကိုအခြေခံ၍Unique ID အဖြစ်သတ်မှတ်အသုံးပြုနိုင်ရေးအတွက်ဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင်အကောက်ခွန်ဦးစီးဌာန၏ MACCS System အတွက်ထုတ်ပေးထားသော Importer/Exporter Code (I/E code) များကိုယခင် Format မှ TIN No. Format သို့ ၂၇-၉-၂၀၂၀ရက်နေ့မှစ၍ ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ပါသည်။ အလားတူ MACCS System အတွင်းရှိကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ် (ပသက) များကိုလည်းမူလ Format မှTIN No. Format သို့ပြောင်းလဲခြင်းကို နောက်ဆုံးအကြိမ်အဖြစ်၁၃-၉-၂၀၂၀ရက်နေ့တွင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ကုန်သွယ်ရေးဦးစီးဌာန၏ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ် (ပသက) များကိုမူလ Format မှTIN No. Format သို့ပြောင်းလဲခြင်းအားဆောင်ရွက်ထားခြင်းမရှိသေးသည့်ပို့ကုန်သွင်းကုန်လုပ်ငန်းများကိုဆောင်ရွက်နေသောကုမ္ပဏီများ၊ အစိုးရဌာနများ၊အဖွဲ့အစည်းများအနေဖြင့် **၇-၉-၂၀၂၀ရက် နောက်ဆုံးထား**၍ ကုန်သွယ်ရေးဦးစီးဌာနတွင်သွားရောက်လျှောက်ထားပြောင်းလဲရမည်ဖြစ်ပါသည်။

၄။ အချိန်မီပြောင်းလဲလျှောက်ထားရခြင်းမရှိသောသူများအနေဖြင့် MACCS System ကို သုံးစွဲ၍ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မလိုလားအပ်သောနှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်လာနိုင်ပါသဖြင့်ကုန်သွယ်ရေးဦးစီးဌာနတွင်ပသကအမှတ်ပုံစံအသစ်သို့အချိန်မီပြန်လည်လျှောက်ထားရန်တိုက်တွန်းရခြင်းဖြစ်ပါသည်။

၅။ အထက်ဖော်ပြပါအပြောင်းအလဲဖြစ်စဉ်နှင့်စပ်လျဉ်း၍အကောက်ခွန်ဦးစီးဌာန၏ Website www.customs.gov.mm နှင့် www.maccs.gov.mm တို့တွင် အသေးစိတ်ကြေညာဖော်ပြသွားမည်ဖြစ်ပါသဖြင့်ဝင်ရောက်လေ့လာနိုင်ပါရန်နှင့်အခက်အခဲများရှိပါက MACCS ဌာနခွဲ၏ Help Desk Section သို့မေးမြန်းစုံစမ်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ(၅)နေ ဒေါ်စပယ် [၉/မထလ(နိုင်)၁၇၆၀၃၄]၊ (သား) မောင်ရှိုင်းထက်ကို [၉/မထလ(နိုင်)၃၀၁၇၅၆]၊ သမီးဖြစ်သူ မလဲ့လဲ့လွင် [၉/မထလ(နိုင်)၃၀၁၇၅၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

ဒေါ်စပယ်၏သမီး၊ ကိုရှိုင်းထက်ကိုနှင့် မလဲ့လဲ့လွင် တို့၏ညီမ မဆုနှင်းထက်သည် အရွယ်မရောက်သေးသည့်သူတစ်ဦးဖြစ်ပါသည်။ (၂၉-၇-၂၀၂၀) ရက်က မဆုနှင်းထက်အား မိတ္ထီလာမြို့၊ သာယာကုန်းရပ်နေ မောင်မျိုးမင်းထွန်းဆိုသူက ဖြားယောင်းသွေးဆောင်ခိုးယူ၍ ပေါင်းသင်းနေထိုင်ကြောင်းသိရပါသည်။

(၂၉-၇-၂၀၂၀) ရက်တွင် မောင်မျိုးမင်းထွန်းအပေါ် မိတ္ထီလာမြို့၊ မြို့မရဲစခန်းတွင် အရွယ်မရောက်သေးသူ မိန်းမငယ်အားခိုးယူပေါင်းသင်းမှုအတွက် မဆုနှင်းထက်၏ အစ်ကိုဖြစ်သူ ကိုရှိုင်းထက်ကိုက အမှုဖွင့်လှစ်တိုင်တန်းခဲ့ပါသည်။

(၂၉-၇-၂၀၂၀)ရက်မတိုင်မီက မောင်မျိုးမင်းထွန်း၏ အသိုင်းအဝိုင်းဘက်က မဆုနှင်းထက်ထံက ငွေလိမ်လည်တောင်းကြောင်း၊ မဆုနှင်းထက်က မိခင်နှင့်အစ်ကို၊ အစ်မတို့၏ ငွေအချို့ကိုခိုးယူ၍ မောင်မျိုးမင်းထွန်း အသိုင်းအဝိုင်းထံပေးခဲ့ကြောင်း၊ (၂၉-၇-၂၀၂၀) ရက်ကလည်း မဆုနှင်းထက် ကမိခင်နှင့်အစ်ကို၊ အစ်မတို့၏ ငွေအချို့ကိုခိုးယူပြီး ထက်ဝက်ကို မျိုးမင်းထွန်းထံပေးကြောင်း၊ ထက်ဝက်ကို မောင်မျိုးမင်းထွန်း၏ အသိုင်းအဝိုင်းထံ ပေးထားခဲ့ကြောင်း ညွှန်ကြားချက်အရသိရပါသည်။

(၁၈-၈-၂၀၂၀) ရက်တွင် မောင်မျိုးမင်းထွန်းက မဆုနှင်းထက်အား ဒုတိယအကြိမ်ခေါ်ဆောင်ခိုးယူသွားစဉ်ကလည်း မဆုနှင်းထက်သည် မိခင်၊ အစ်ကိုနှင့်အစ်မတို့၏ ငွေကြေးတချို့ကို ခိုးယူသွားခဲ့ကြောင်း၊ ယခုအခါ မောင်မျိုးမင်းထွန်းနှင့် မဆုနှင်းထက်တို့သည် တိမ်းရှောင်ပုန်းအောင်းနေကြောင်း သိရပါသည်။

အရွယ်မရောက်သေးသူမဆုနှင်းထက်ထံက ငွေကြေးလိမ်လည်တောင်းခံခြင်း၊ ခိုးရာပါငွေကို လက်ခံခြင်း၊ ကိုယ်ကျိုးသုံးစွဲခြင်းများအတွက် မောင်မျိုးမင်းထွန်းနှင့်တကွ တာဝန်ရှိသူများကို တရားဥပဒေနှင့်အညီ တိုင်တန်းတရားစွဲထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စပယ်၊ ကိုရှိုင်းထက်ကို၊ မလဲ့လဲ့လွင်တို့၏ လွှဲအပ်ညွှန်ကြားချက်တို့အရ**

| | | |
|---|---|---|
| **ဒေါ်ပြည့်ဖြိုးလွင် (LL.B)** | **ဦးအောင်သိန်း(LL.B)** | **ဒေါ်ဇွန်ပွင့်ဦး(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့** |
| **(စဉ်–၄၈၃၁၂)** | **(စဉ်–၆၁၉၇)** | **(စဉ်–၅၂၉၁၈)** |
| **ရွှေစည်းခုံရပ်ကွက်၊** | **အမှတ်(၃၇၈)၊ ချယ်ရီလမ်း** | **ရွှေစည်းခုံရပ်ကွက်၊** |
| **ရမည်းသင်းမြို့** | **သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့** | **ရမည်းသင်းမြို့** |

## ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

### ဖခင်အမည်မှန်

ဒလမြို့နယ်၊ အထက–ပျော်ဘွယ်ကြီး၊ ဒသမတန်း (C) မှ မအေမီဟန်၏ဖခင် ဦးထွန်းထွန်းဦး၏ အမည်မှန်မှာ ဦးထွန်းထွန်းဝင်း [၁၂/တတန(နိုင်)၁၃၅၄၇၅] ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဝင်း**

### ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ ကုန်းဒလဘောင်ကျေးရွာနေ မသော်ဇင်ထူး၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် [၁၂/ခရန (နိုင်) ၁၂၀၆၂၃] ဖြစ်ပါကြောင်း။

**ဦးသန်းအောင်**

**မဟာရန်ကုန်**

**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း**

အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ

**မြို့တွင်း/နယ်ဝေး**

ဝန်ဆောင်မှုပေးပါသည်။

**Ph: 09-444811126**
**09-444811127**
**09-73032439**

**သန်းသန်းမြင့်ဦး**

ဒဂုံမြို့နယ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်သည်။

**09-420067001**
**09-428777677**

**မိဘမေတ္တာ**

ဒဂုံမြို့သစ်ဆိပ်ကမ်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း(4)မြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။ (ပွဲခပေးရန် မလိုပါ။)

**09-407080736**
**09-794949736**

**မြေကွက်များ ဝယ်လိုသည်**

**ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။**

**ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။**

**09400940041**
**09260664490**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်–၁၀၂၊ မြေကွက်တည်နေရာအမှတ်(၁၀၂)၊ ဘုရင့်နောင်လမ်း၊ ၂၀/ရွှေပေါက်ကံ၊ ဒေါ်သင်းသင်းလှိုင် [၁၀/မဒန(နိုင်)၀၀၆၅၂၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ S.P No.၃၀၈၇၂/၁၉(၁၃-၁၂-၁၉)ဖြင့် ရရှိသူ ဦးနေစိုးထိုက်[၁၀/ပမန(နိုင်)၀၀၉၂၅၀]မှ မြေတိုင်းလျှောက်ထားလာခြင်းအပေါ် မြေစာရင်းမှတ်ချက်ရှိ ၂၀၁၉ ခုနှစ်တွင် ဒေါ်သင်းသင်းလှိုင်မှ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားထုတ်ယူခဲ့သော်လည်း မြေပုံမူရင်းမှာ မိုးရေစိုစွတ်၍ စုတ်ပြဲသွားပါသဖြင့် ပြန်လည်တင်ပြနိုင်ခြင်းမရှိပါကြောင်း ဒဂုံမြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ်(၇/၃၆၂၄/၂၀၂၀)ကို တင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
### ၂၀၁၉–ခုနှစ်၊ တရားမကြီးမှုအမှတ်–၈၄၇ နှင့်ဆက်နွယ်သည့်
### ၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်–၂၀၃

| | | |
|---|---|---|
| ဒေါ်အေးအေးမြတ် | နှင့် | ဦးခင်မောင်ဝင်း |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အာသဃ(၂၄)လမ်း၊ အမှတ်(၇၀၇)နေ တရားရှုံး ဦးခင်မောင်ဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၈၄၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းသန်းတင့်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂၅)၊ဆင်ဂေါ်းအင်း၊ ဦးပိုင်အမှတ်–N/၆၂ ရှိ ဦးငွေသန်း ပါ(၃)ဦး အမည်ပေါက်လျက်ရှိသည့် မြေကွက်အတွင်းမှ နေဇာလမ်းမကြီးအတွင်းလမ်းရှိ အလျား (၇၀' × ၆၁') × အနံ (၄၀' × ၄၁')ရှိမြေကွက်အပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်တို့အား တရားဝင်ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဒေါ်မျိုးမမဝင်း (၁၂/ဥကမ (နိုင်) ၂၃၁၃၅၄)ကိုင်ဆောင်သူနှင့် ခင်ပွန်းဖြစ်သူ ဦးတေဇာထွန်း (၁၂/ဒပန (နိုင်) ၀၄၇၄၂၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထားထားရီ (၁၂/ကတတ (နိုင်)၀၁၀၈၆၁)ကိုင်ဆောင်သူမှ (၃–၄–၂၀၁၉)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျှက်ရှိပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်းစာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာဌာနအသီးသီးတွင် အမည်ပေါက်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၄၈၇)**
အမှတ် – ၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၅၁၉၃၈၈၄၊ ၀၉ – ၇၆၅၁၉၃၈၈၄

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၂–လမ်း၊ အမှတ်(၁၁၁)၊ ၄–လွှာ(ခြေရင်းခန်း)ဟု ခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်တွင်တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူအမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇလေခါဘီ[၁၀/ပမန(နိုင်)၀၂၅၀၇၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်–၃၆၉၃၃)**
**အမှတ်(၆)၊ ၅–လွှာ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၀)မြို့မလမ်း၊မြေကွက်အမှတ်(၁၂၀၂)၊အကျယ်အဝန်း(၄၀×၆၀)ပေရှိ ဒေါ်ချိုသီသီဝေ(၁၂/သဃက(နိုင်)၁၅၅၃၁၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်တို့အားအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း။**

အထက်ဖော်ပြပါမြေနှင့်အိမ်အားအမည်ပေါက်ထံမှရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၂၂/၂၀၁၈)ရရှိသူ **ဒေါ်ကြည်ကြည်ဝင်း(၁၂/သဃက(နိုင်)၀၉၄၈၅၂)**ကတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးလက်ရှိထားပိုင်ဆိုင်လျှက်ရှိကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ရောင်းချရန်ကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၂၅၂၂၁၀၈၀၇။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ အောင်စုမွန်လမ်း၊ အမှတ်(၄၂၉)၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၄၊ မြေကွက်အမှတ်–၄၂၉၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဒေါ်ခင်မြရင် [၁၂/ကတတ(နိုင်)၀၁၈၁၀၄]ထံမှ ကိုဇော်ဝင်း(ခ)အာရ်ဝင်း [၁၂/မရက(ပြု)၀၀၀၃၆၆]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေအတိုင်း အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သန်းသန်းစိုး(LL.B)** | **ဦးကျော်ခိုင်ဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၈၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၈၈)** |

**အမှတ်(၁၃၆)၊ (ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၂၈၀၈၀၉၊ ၀၉–၇၉၈၁၉၉၃၀၀**

### ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ်–၅၁
### ကွယ်လွန်သူ ဖခင်ဦးသိုင်း၊ အဒေါ်အရင်းများဖြစ်သော ဒေါ်သောင်းမြင့်၊ ဒေါ်တင်ရွှေ၊ ဒေါ်ခင်ကြူ တို့၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

၁။ ဒေါ်မြင့်လေးဆွေ — လျှောက်ထားသူများ
၂။ ဦးမြင့်ထူး
၃။ ဒေါ်မြင့်လေးမေ
၄။ ဦးမြင့်ထွန်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိ(၂)လမ်း၊ အမှတ်(၁၄၈)နေ ကွယ်လွန်သူ ဖခင်ဦးသိုင်း၊ အဒေါ်အရင်းများဖြစ်သော ဒေါ်သောင်းမြင့်၊ ဒေါ်တင်ရွှေ၊ ဒေါ်ခင်ကြူ တို့၏ ကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၃၀၇ အရ၊ စီမံခန့်ခွဲခွင့်ပြုပါရန်နှင့် ပုဒ်မ–၃၀၇ ပါပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်များ ဆောင်ရွက်ခွင့်ပြုပါမည့်အကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိ(၂)လမ်း၊ အမှတ် (၁၄၈)နေ ဒေါ်မြင့်လေးဆွေ ပါ(၄)ဦးမှ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်)တွင် ကြားနာရန်ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူဖခင်ဦးသိုင်း၊ အဒေါ်အရင်းများဖြစ်သော ဒေါ်သောင်းမြင့်၊ ဒေါ်တင်ရွှေ၊ ဒေါ်ခင်ကြူတို့၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ (၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်) နံနက် (၁၀:၀၀) နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသောကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးကလျှောက်ထားသူ ဒေါ်မြင့်လေးဆွေ ပါ(၄)ဦး၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးအေးထွန်းရွှေ (ငြိမ်း)**

**Executive Director**

**Jewellery Luck Group Of Companies**

**အသက် (၇၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၁)၊ အမှတ်(၁၄၇/ဖ)နေ ဒေါ်ခင်မွေး၏ခင်ပွန်း ဗိုလ်မှူးကြီး အေးထွန်းရွှေ(ငြိမ်း)၊ Executive Director (Jewellery Luck Group Of Companies)သည် ၂၅-၈-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်စိန် (ဥက္ကဋ္ဌ)-ဒေါ်အကြူ နှင့်**
**Jewellery Luck Group of Companies မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးအေးထွန်းရွှေ (ငြိမ်း)**

**Managing Director**

**Top Ten Star Production Company Limited**

**အသက် (၇၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၁)၊ အမှတ်(၁၄၇/ဖ)နေ ဒေါ်ခင်မွေး၏ခင်ပွန်း ဗိုလ်မှူးကြီး အေးထွန်းရွှေ(ငြိမ်း) Managing Director (Top Ten Star Production Co., Ltd.)သည် ၂၅-၈-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Top Ten Star Production Company Limited မိသားစု**

## ဒေါ်နော်တင်လှ

## အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃)၊ အမှတ်(၅၅၈)နှင့် ကျိုက်လတ်မြို့နယ်၊ ထရော်ဒေါင်းကျေးရွာနေ စောထွန်းရွှေ၏ညီမ၊ (ဗိုလ်စည်သူစိုး)၊ ဂျဲသီတာစိုး၊ မန်းသန်းထိုက်စိုး-ဂျဲမိုးမိုးတို့၏မွေးသမိခင်၊ စံဖေယျာထိုက်စိုး၊ နန့်သီရိထိုက်တို့၏ ဘွားဘွား၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်နော်တင်လှသည် ၂၅-၈-၂၀၂၀ ရက် ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်းသူ

**Chief Technical Officer (MCC Group)**

**အသက် (၄၃) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ပြည်ထောင်သာတိုက်တန်း၊ တိုက်အမှတ်(၅၆)၊ အခန်း (၀၀၃)နေ ဦးထွန်းရွှေ-ဒေါ်စန်းစန်းငွေတို့၏သားကြီး၊ ဒေါက်တာစိမ့်စိမ့်သူ၊ ဦးသူရိန်ထွန်း-ဒေါ်ခင်နှင်းဦး၊ ဦးအောင်ကိုကိုဖြိုး-ဒေါ်ခင်သီရိငွေတို့၏ အစ်ကို၊ မအိန္ဒြေဆုပြည့်မျိုး၏ဖခင်၊ ဒေါ်ချောအိအိမျိုး၏ခင်ပွန်း ဦးမျိုးမင်းသူ (Chief Technical Officer -MCC Group)သည် ၂၅-၈-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်မြတ်ကျော်ညဏ် (ခ) ရဲစိန်

**A.G.T.I (EP)**

**အသက် (၃၈) နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ရုံးဘက်လမ်းနေ (ဦးရွှေလှဖြူ)-ဒေါ်အေးမြနု၊ (ဦးကျော်နု)-ဒေါ်ထွေးစိန်တို့၏မြေး၊ ဒေါ်မြဝင်း၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်မြရီ၊ ဒေါ်ခင်ရွှေ၊ ဒေါ်လှလှ၊ ဦးခင်မောင်လှတို့၏ တူ/သား၊ မာန်အောင်မြို့၊ မြို့မရပ်ကွက်နေ (ဦးတင်ရီ)-ဒေါ်ခင်ထားရီ (အလပြ-ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(5A-A2)နေ ဒေါ်ဇင်နှင်းဝေဖြိုး (Max Myanmar Construction Co.,Ltd, Railway Project)၏ ချစ်လှစွာသောခင်ပွန်း မောင်မြတ်ကျော်ညဏ်(ခ)ရဲစိန်သည် ၂၃-၈-၂၀၂၀ ရက် ညနေ ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးအေးထွန်းရွှေ (ငြိမ်း)**

**တေဇ( ၁)**

**အသက် (၇၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ အမှတ် (၁၄၇/ဖ)နေ (ဦးဘစိုး)-ဒေါ်တင်ခတို့၏သား၊ ဒေါ်ခင်မွေး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီး အေးထွန်းရွှေ(ငြိမ်း)သည် ၂၅-၈-၂၀၂၀ ရက် နံနက် ၇ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးချုပ်ဦးသိန်းအောင်(ငြိမ်း)-ဒေါ်ခင်ဌေးမြင့် မိသားစု**

## ဦးထွန်းအောင်(ခ)အဟိုး

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၁၁၈)၊ ပထမထပ်နေ (ဦးလှိုင်စိန်-ဒေါ်ချူရှန်)တို့၏ သား၊ ဒေါ်စန်းစန်း၏ ခင်ပွန်း၊ မသဇင်ထွန်း-ကိုကြည်ဝင်း၊ မသူဇာအောင်၊ ဒေါက်တာသန္တာအောင်၊ ကိုလွင်ထွန်း၊ ဒေါက်တာတင်ဇာထွန်းတို့၏ ဖခင်၊ မကြည်ဇင်သန့်၏ အဘိုးသည် ၂၄-၈-၂၀၂၀ ရက် ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတော်မီ (ခ) ဦးတင်မောင်စိုး

**အင်/မှူး လျှပ်စစ် (ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်အမှတ်(၁၃၂)၊ အခန်း(၂၀၁)၊ (၅၁)လမ်းနေ (ဦးနိမ်-ဒေါ်ကျင်မှုံ)တို့၏ သား၊ (ဦးတင်အေး)-ဒေါ်လှကြည်တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း (အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြ-ငြိမ်း)၏ခင်ပွန်းသည် ၂၂-၈-၂၀၂၀(စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မြင့်ဟန် (ခ) ဟန်လေး

**မူလတန်းပြ(ငြိမ်း)၊ အထက(၂) ကြည့်မြင်တိုင်**

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၇)၊ မြေညီ(ယာ)နေ (ဦးထွန်းရီ)-ဒေါ်မြဟန်တို့၏သမီး၊ (ဦးကျော်မြင့်)-ဒေါ်သန်းနုတို့၏သမီးချွေးမ၊ ဒေါ်မိုးအေး၊ ဦးမျိုးရီ-ဒေါ်အေးမြင့်၊ ဦးမျိုးကြည်(ခ)ကိုလေး-ဒေါ်နွဲ့နွဲ့တို့၏ညီမ၊ (ဦးအေးကိုကို)-ဒေါ်သင်းသင်း၊ ဦးအောင်အောင်-ဒေါ်အေးအေးသင်း၊ ဦးမောင်မောင်-ဒေါ်ငွေငွေတို့၏ အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေး သုံးယောက်တို့၏အဘွား၊ မောင်ဖွဲ့သူရကျော်-မခင်ခင်ငွေ၊ မောင်အောင်သူရကျော်-မသီရိအေးကိုတို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဦးကျော်ဝင်း(လ.ဝ.က-ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၂၅-၈-၂၀၂၀ ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး

**လေ့ကျင့်ရေးရုပ်ရှင်၊ ကာကကျင့် (ငြိမ်း)**

**မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် (ဥက္ကဋ္ဌ) (ငြိမ်း)**

**မြန်မာ့သိုင်းသင်တန်းကျောင်း (ကျောင်းအုပ်ကြီး-ငြိမ်း)**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ သဒ္ဓါလမ်း၊ အမှတ်(၅၉၂)နေ ဒေါ်စု၏ခင်ပွန်း၊ ဦးမြင့်ဇော်-ဒေါ်စိန်နှင်းကြည်၊ ဦးလှဦး(လ/ထ အား/ကာ-ငြိမ်း)-ဒေါ်ရွှေပြည့်စိုး၊ ဗိုလ်ကြီးလှအောင်သိန်း (အားကစားအရာရှိ)-ဒေါ်မြင့်မြင့်ဦး(လယ်/အုပ်-ကြာထုံး)၊ ဦးသက်ဦး-ဒေါ်စိန်စိန်အေး၊ ဦးအောင်နိုင်ဦး-(ဒေါ်သန္တာဝင်း)၊ ဦးကျော်ဇေယျ-ဒေါ်လှမျိုးနွယ်၊ ဒေါ်ခင်ပုလဲစု(ဆေး-၁)တို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဦး

**၁၉၉၀ လွှတ်တော်ကိုယ်စားလှယ်**

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး (ငြိမ်း)**

**မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြန်အောင်မြို့**

**အသက် (၈၀)**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ ရုံးလမ်း၊ အမှတ် (၂၈)နေ ဒေါ်စန်းမြင့် (တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်ခိုင်ယဉ်ယဉ်ထူး၊ ဦးဝင်းလတ်-ဒေါ်နှင်းနှင်းဦး၊ (ဦးဝေဖြိုးဦး)-ဒေါ်လင်းလင်းမြင့်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် သရက်တစ်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဆွေဆွေသန်း

**ဟိုတယ်ခရီး/ကရဝိတ်ခန်းမ (ငွေစာရင်းဌာန)**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဇာနည်(၁၂)လမ်း (အောက်)၊ (၉) ရပ်ကွက်၊ အမှတ် (၅၉၉/A)၊ အခန်း(၄)နေ (ဦးအောင်မြင့်)၏ဇနီး၊ ဒေါ်ဝင့်ဝါအောင်၊ ဦးကျော်ကျော်ဝင်း(MSP. CAT)-ဒေါ်လဲ့ဝါအောင်တို့၏မိခင်၊ မောင်ဘုန်းမြတ်အောင်၏အဘွားသည် ၂၄-၈-၂၀၂၀ (တနင်္လာနေ့) ညနေ ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၂၀ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးခင်မောင်ဝင်း

**ဝင်းချည်မျှင်နှင့် မြင်းကျားစောင်စက်၊ မုံရွာမြို့**

**အသက် (၆၇) နှစ်**

တောင်ငူမြို့နေ ဦးအောင်မျိုးဟိန်း-ဒေါ်လင်းလင်းဝင်း၊ မန္တလေးမြို့၊ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာသက်ငွေး (မန္တလေးပြည်သူ့ဆေးရုံကြီး)-ဒေါက်တာအိအိဝင်း(TMO-ဖောင်းပြင်)၊ မုံရွာမြို့နေ ကိုစေလှိုင်ဝင်း-မဇင်ဝေမွန်၊ (မောင်မင်းသူဝင်း)တို့၏ ဖခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘိုး၊ မုံရွာမြို့၊ ဘုန်းစိုးရပ်၊ သဇင်လမ်းနေ ဒေါ်ခင်တင့်၏ခင်ပွန်း ဦးခင်မောင်ဝင်းသည် ၂၅-၈-၂၀၂၀ ရက်တွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၀ ရက်တွင် မုံရွာမြို့ မြနန္ဒာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်သင်္ဂဟများ သိရှိနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ညွန့်ကြည် (ဟင်္သာတမြို့)

**ကုန်သွယ်/လယ်ယာ (ငြိမ်း)**

## အသက် (၇၉) နှစ်

ဦးအောင်ရဲဝင်း(CEO-Galaxy Software Co.,Ltd)-ဒေါ်နှင်းဝေလွင် (CSO-Galaxy Software Co.,Ltd)တို့၏မိခင် ဒေါ်ညွန့်ညွန့်ကြည် အသက် (၇၉) နှစ်သည် ၂၄-၈-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Galaxy Software Co.,Ltd**
**BOD နှင့် ဝန်ထမ်းများ**

# ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
အမိန့်အမှတ်၊ ၉၇ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာဦးရေ အချိန်တိုကာလအတွင်း တိုးတက်များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❁

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၆–၈–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁:၀၀)နာရီ**

နံနက် (၈:၀၀)နာရီထုတ်ပြန်ခဲ့သော သတင်း၏ နောက်ဆက်တွဲဖြစ်ပါသည်။

၁။ (၂၅–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၃၇၃) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၃၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၅၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲ နမူနာ (၂၅၆)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၅)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု
- စုစုပေါင်း (၂၃၀၀)ခု အား စစ်ဆေးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၀) ဦး တွေ့ရှိရပါသည်။(ဓာတ်ခွဲ အတည်ပြုလူနာသစ် (၃၀) ဦးတွေ့ရှိကြောင်းအား (၂၅–၈–၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီ သတင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။)

၂။ ကျန်ရှိသော ဓာတ်ခွဲအတည်ပြုလူနာ (၇၀) ဦး၏ အချက်အလက်များအား ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ❂

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် UNICEF က ထောက်ပံ့ကူညီသည့်ပစ္စည်းများတင်ဆောင်လာသော အထူးကုန်တင်လေယာဉ်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က ထောက်ပံ့ကူညီသည့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးကုန်တင်လေယာဉ်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

အဆိုပါ အထူးကုန်တင်လေယာဉ်သည် UNICEF ၏ အစီအစဉ်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈၃၆၅၆၈ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (PPE)နှင့် ဆက်စပ်ပစ္စည်းများကို တင်ဆောင်လာခြင်းဖြစ်သည်။

UNICEF အနေဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် **စာမျက်နှာ ၇ ကော်လံ ၆ သို့** ❖




## ကြေးမုံ ယနေ့ ဖတ်စရာ

**လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနည်းဥပဒေပြုစုရေးဆွဲမှုအပေါ် အကူအညီပေးရေးအစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၃

**မြန်မာနိုင်ငံရဲ့ မြို့တိုင်းအားလုံးက လမ်းကွန်ရက်ချိတ်ဆက်နေပါပြီ၊ ဖာပွန်-မော်ချီးလမ်းပိုင်းကတော့ နယ်မြေအခြေအနေအရ ကျန်နေပါသေးတယ်၊ ဒါကိုလည်း ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်**
သတင်းဆောင်းပါး စာမျက်နှာ » ၈

**စကော့တလန်ရှိ အထက်တန်းကျောင်းသားများ ဩဂုတ် ၃၁ ရက်မှစ၍ မျက်နှာအကာအကွယ်များ ဝတ်ဆင်ရမည်**
စာမျက်နှာ » ၁၃

# မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင် တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဩဂုတ် ၂၈ ရက် ညတွင် ပွဲစဉ်(၄) အဖြစ် စန္ဒရားကိုခင်လှ၊ စန္ဒရားတင်ကိုကို တေးဂီတ အဖွဲ့နှင့်အတူ တေးသံရှင် ထား၊ ရီရီသန့်၊ ခင်စိုးဝင်း၊ စိမ်းလဲ့လဲ့၊ သူဇာအောင်၊ မေသက်ထားဆွေ၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ မောင်သိန်းဝင်း၊ ကျော်ကျော်ဟန်၊ ဝိုင်းလမင်းအောင်၊ စန္ဒရားတင်ကိုကိုတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို ဩဂုတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ကို အနိုင်ရသည့် ဟံသာဝတီအသင်း ရာသီဝက်ချန်ပီယံဖြစ်လာ

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ဟံသာဝတီအသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပြပြီး ရလဒ်ကောင်းနေသည့် ဟံသာဝတီအသင်းသည် ပထမအကျော့ နောက်ဆုံးပွဲတွင် နာမည်ကြီး ရန်ကုန်အသင်းကို အနိုင်ယူကာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် နောက်မှ လိုက်ကစားခဲ့ရသော်လည်း အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် **စာမျက်နှာ ၂၁ ကော်လံ ၄ သို့** ❍



ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်စဉ်။